# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့ (15-3-2015) (၈၁၄၅)


## သုသိက္ခိတ ဝိနယမင်္ဂလာ

**စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်း သည် ကောင်းမြတ်သော မင်္ဂလာ မည်၏။**

## ထူးခြားသည့် နေ့အပူချိန်များ

| | | |
|---|---|---|
| သာယာဝတီ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက် | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော်(ရေဆင်း) | ၄၀ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော်(ပျဉ်းမနား) | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မိတ္ထီလာ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဟင်္သာတ | ၄၀ | ဒီဂရီစင်တီဂရိတ် |

# ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်

**ရန်ကုန် မတ် ၁၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အရှည် ၃၄ မိုင်ကျော်ရှိ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကသပေါင်းကျေးရွာရှိ ဓမ္မရက္ခိတ ကျောင်းတိုက်သို့ ရောက်ရှိပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စရဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါကျောင်းတိုက်၌ ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းနှင့်စပ်လျဉ်း၍ ဒေသခံများ၏ သဘောထားအမြင်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လူမှုစီးပွားရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆုတောင်းပြည့်အောင်ချမ်းသာစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး တွံတေးမြို့နယ် ကသပေါင်းကျေးရွာအနီး ပန်းလှိုင်မြစ်(ပေတိုင်-၈၂+၅၀၀ပေ) ပြန်လည်တူးဖော်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ အသက်(၉၄)နှစ်အရွယ်ရှိ ဒေသခံ ဦးအောင်စိန်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် ကျေးရွာဖွံ့ဖြိုးမှုရရှိတော့မည်ဖြစ်၍ ဝမ်းမြောက်ကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တစ်နှစ်ကိုသုံးသီး စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ကလေးများကို ပညာတတ်များဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်မှစဉ်းစားချင့်ချိန်နိုင်ရုံမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခု ကသပေါင်းကျေးရွာတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေစပါးစိုက်ပျိုးရေးရရှိရန် ရည်ရွယ်၍ ဒေသခံပြည်သူလူထုအတွက် လက်ငင်းအကျိုးကျေးဇူး ရရှိနိုင်မည့်အပြင် ရေရှည်အကျိုးရှိစေရန် အကောင်အထည်ဖော်ခဲ့။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပန်းလှိုင်မြစ်ကြောင်းပြန်လည်တူးဖော်ရေးစီမံကိန်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)






ကြေးမုံ စာတည်းရှုထောင့် ၁၅-၃-၂၀၁၅ [တနင်္ဂနွေနေ့]

# နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းမှုပေါ်လွင်

မလေးရှားနိုင်ငံဘုရင်နှင့် မိဖုရားတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မတ် ၁၃ ရက် နံနက်က မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ပူထရာဂျာမြို့ရှိ ဝန်ကြီးချုပ်ရုံးခန်း၌ သီးသန့်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံအကျိုးရလဒ်ကောင်းများ ရရှိခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အာဆီယံအစည်းအဝေးများတွင် နှစ်နိုင်ငံအကျိုးစီးပွားများသာမက ဒေသတွင်းအကျိုးစီးပွားများအတွက်ပါ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ ယမန်နှစ် ဇန်နဝါရီလက ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် မြန်မာနှင့် မလေးရှားနိုင်ငံတို့ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တည်ထောင်မှုသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အကျိုးရလဒ်များ ဆက်လက်ရရှိရန်အတွက် အဆိုပါကော်မရှင်က ယခုနှစ်အတွင်း မလေးရှားနိုင်ငံတွင် အစည်းအဝေးများကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ယခုလည်း နိုင်ငံတော်သမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တို့ တွေ့ဆုံရာတွင် မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စ၊ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ မလေးရှားနိုင်ငံတွင် ဖွင့်လှစ်သော ကာလတိုသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရေး အစီအစဉ်များသို့ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား စေလွှတ်ပေးလျက်ရှိပြီး နိုင်ငံတော်သမ္မတကြီး၏ ယခုခရီးစဉ်တွင် ထိုအစီအစဉ်များထပ်မံတိုးချဲ့နိုင်ရေး ထည့်သွင်းဆွေးနွေးနိုင်ခဲ့သည်။

မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ရင်းနှီးမြှုပ်နှံမှုအဆင့် (၇)နေရာတွင် ရှိနေသည်။ ယမန်နှစ်နှစ်ကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၀ ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ထို့အပြင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆၁ ဒသမ ၉၇ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၄၆ ဒသမ ၁၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ အမြောက်အမြား အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထိုအလုပ်သမားများ၏ ဘဝအာမခံချက်ရရှိရေးမှာ ယခုအခါ အရေးကြီးနေသည်။ ထို့ကြောင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့် ပိုမိုတိုးတက်ရရှိရေးတို့ကို ဆွေးနွေးညှိနှိုင်းပေးနိုင်ခဲ့သည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအတွက် အခက်အခဲများ ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်က မိဘသဖွယ်ထားရှိသော သဘောထားစေတနာများပင်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ရပ်ဝေးရပ်နီးခရီးသွားဧည့်သည် နှစ်စဉ် ၂၅ သန်းခန့်ရှိသည်ကို အားရဖွယ်တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် မလေးရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိနိုင်သည့် အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနှင့်မလေးရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ပါသည်။ ။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**လားရှိုး မတ် ၁၄**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်ကျင်းပခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့နယ် ၁၈ မြို့နယ်တွင် စာစစ်ဌာန ၃၅ ခု၌ စုစုပေါင်း ၁၄၁၁၂ ဦး ဖြေဆိုခဲ့ကြသည်။

လားရှိုးခရိုင်တွင် ဖြေဆိုသူ ကျောင်းသား ၁၉၁၀၊ ကျောင်းသူ ၂၈၆၅ ဦး စုစုပေါင်း ၄၇၇၅ ဦး၊ မူဆယ်ခရိုင်တွင် ဖြေဆိုသူ ကျောင်းသား ၁၂၂၇ ဦး၊ ကျောင်းသူ ၂၀၀၉ ဦး စုစုပေါင်း ၃၂၃၆ ဦး၊ ကျောက်မဲခရိုင်တွင် ဖြေဆိုသူ ကျောင်းသား ၁၄၈၈ ဦး၊ ကျောင်းသူ ၃၀၉၃ ဦး စုစုပေါင်း ၄၅၈၁ ဦး၊ မိုးမိတ်ခရိုင်တွင် ဖြေဆိုသူ ကျောင်းသား ၄၉၀၊ ကျောင်းသူ ၈၁၆ ဦး စုစုပေါင်း ၁၃၀၆ ဦး၊ ဟိုပန်ခရိုင်တွင် ဖြေဆိုသူကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၈၅ ဦး စုစုပေါင်း ၁၁၈ ဦး၊ လောက်ကိုင်ခရိုင်တွင် ဖြေဆိုသူ ကျောင်းသား ၄၅ ဦး၊ ကျောင်းသူ ၅၁ ဦး စုစုပေါင်း ၉၆ ဦး အသီးသီးရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့နယ် ၁၈ မြို့နယ်တွင် ဖြေဆိုသူ ကျောင်းသား ၅၁၉၃ ဦး၊ ကျောင်းသူ ၈၉၁၉ ဦး စုစု ပေါင်း ၁၄၁၁၂ ဦး ဖြေဆိုခဲ့ရာတွင် ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိပြီး ဖြေဆိုသူကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့သက်ဆိုင်ရာမြို့များတွင် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများအနေဖြင့် အထက-၉(လားရှိုး) စာစစ်ဌာနနှင့် အထက (ကွမ်းလုံ) စာစစ်ဌာနတို့တွင် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**





# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၁၄**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များဖြစ်သော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ နိုင်ငံတော်သမ္မတ အကြံပေးပညာရှင် ဒေါက်တာ အောင်ထွန်းသက်၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင်များအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ရီရီမြင့်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးမိုးဆန်းအောင်နှင့် နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာသင်ဆု ရွေးချယ်ရေးမူများ၊ ပညာသင်ဆုများအတွက် ကာလတို၊ ကာလရှည်အစီအမံများ၊ အင်္ဂလိပ်စာအဆင့်မီသူများကို ပဏာမလူတွေ့စစ်ဆေးခြင်းနှင့် ဘာသာရပ်ထူးချွန်သူများကို ပညာသင်ဆုပေးရန် ဆက်လက်ရွေးချယ်နိုင်ရေးကိစ္စများကို အသေးစိတ်ဆွေးနွေးကြသည်။

အင်္ဂလိပ်စာအရည်အချင်း ကနဦးစစ်ဆေးခြင်းကို ဗြိတိသျှကောင်စီနှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ဖြေဆိုသူ ၂၇၇၃ ဦးအနက် အင်္ဂလိပ်စာအဆင့်မီသူ ၈၇၃ ဦးကို ပဏာမလူတွေ့စစ်ဆေးရန် ကြေညာထားကာ လူတွေ့စစ်ဆေးခြင်းကို ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေးကော်မတီက နောက်တစ်ဆင့် ဆန်ခါတင်ရွေးချယ်၍ ဘာသာရပ်အလိုက် ထူးချွန်သူများကို နိုင်ငံတကာ တက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ခင်ချိုဝင်း**
**ဓာတ်ပုံ - လှမိုး**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကားကောင်းကောင်း ကားသန့်သန့် စီးလိုသူများအတွက် Hummer H3, 2007 Model, 3500CC,5I/-----,အနက်ရောင်၊ ကားသန့် ကျပ်(430) သိန်း

ဆက်သွယ်ရန်ဖုန်း- 09-5178979, 09-420301091, 09-43022828, 01-562438, 01-572224



YANGON CAR RENTAL
ဘုရားဖူးပဲသွားသွား၊ အပျော်ခရီးပဲထွက်ထွက် မော်တော်ယာဉ်မျိုးစုံ စင်းလုံးငှား စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးပါသည်။
09-43029618

နွေရာသီ ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ
တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
Ph:0973105276, 09254067394

## အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နတ်ကြီးကုန်း၊ အမှတ်(၅၀)နေ ဒေါ်စွဲ့လှလှစိန်၏ အမည်မှန်မှာ ဒေါ်စွဲ့ဆုမာလာ[၁/မခဘ(နိုင်)၀၀၂၂၆၉]ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၈-၉-၁၉၅၈) ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅H၊ မြေကွက်အမှတ်-၇၆၈၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးတိုးဦး၊ ဒေါ်အေးအေး၊ ဒေါ်စီစီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးအေး(မိခင်)၊ ဦးဇော်ဝင်း(ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ဝင်းသန္တာဖြိုး[၁၂/ဗဟန(နိုင်)၀၈၄၄၀၉]၊ ဒေါ်ခင်သော်တာနိုင်[၁၂/ဗဟန(နိုင်)၀၉၅၉၂၇]တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် ဦးတိုးဦး [၁၂/ဗဟန(နိုင်)၀၆၅၂၈၄]၊ ဒေါ်စီစီ[၁၂/ဗဟန(နိုင်)၀၆၅၉၆၀]တို့နှင့် ပူးတွဲ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်
ထားဝယ် ရှင်ကိုးရှင် နှင့် ထီးဘီး (တနင်္သာရီ/မြိတ် ဘုရား)
၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၄ - ၂၀၁၅ ထိ
သုဝဏ္ဏစာပေ ဖုန်း ၂၅၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၁၇

ဦးရဲမင်းပိုင် (သင်္ချာ) နွေသင်ကိုးကုန်
၉တန်း၊ ၁၀တန်း (သိပ္ပံ၊ ဝိပ္ပံ) ဘာသာစုံ
၈တန်း (တိုင်းစစ်)ဘာသာစုံနှင့်
သင်္ချာ၊ အင်္ဂလိပ်သီးသန့်
မတ်လစပြီ
နေ့စဉ် ၁၂:၃၀ မှ ၃:၃၀
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတား၊ ပန်းဆိုးတန်းမှတ်တိုင်အနီး။ ဖုန်း - ၀၉ - ၇၃၁၆၁၁၄၀

## ပြည်တွင်းရေးရာ

✻ ရှေ့ဖုံးမှ

အထက်ကျောင်းများဖွင့်လှစ်ထားနိုင်၍ ပညာတတ်များ ပေါ်ထွက်ရန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကြီးပွားတိုးတက်ရေးအတွက် ပညာတတ်များလိုကြောင်း၊ ၎င်းပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းစီမံကိန်းကြောင့် ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းလာခဲ့ကြောင်း၊ နွေစပါး၊ မိုးစပါးများစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အချက်အချာကျသောနေရာများတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ တစ်ဦးချင်းနှင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးရရှိပြီး လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများကင်းစင်မှသာ ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း စီမံကိန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်း ရေလယ်ရှုရပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစတင်ဆောင်ရွက်မှု၊ မိုးတွင်းကာလတွင် လှေများ၊ သင်္ဘောများသွားလာနိုင်မည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေးမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀၀ ကျော်ရှိ ပြည်သူလူထုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေ၊ စီမံကိန်းနှင့်အတူ ရေထိန်းတံခါးကြီး ကိုးခုနှင့် ထပ်မံတည်ဆောက်မည့် ငါးခု စုစုပေါင်း ၁၄ ခုရှိကြောင်း၊ ရေတံခါးပေါက်များလည်း ပါဝင်မည်ဖြစ်၍ နှစ်စဉ်ရေမြုပ် ဧက ၁၂၀၀၀၀ ကျော်တွင် ထိထိရောက်ရောက် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာချင်းဆက် သံမဏိသံပေါင်တံတား လေးစင်း၊ သစ်သားတံတား နှစ်စင်းကိုလည်း စီမံကိန်းပြီးစီးမှုနှင့်အပြိုင် တည်ဆောက်နိုင်မည်ဖြစ်၍ ရေလမ်းအပြင် အမာခံမြေသားလမ်းပါသွားလာနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းရေရှည်တည်တံ့နိုင်ရေးအတွက်လည်း ရေတံခါးများ ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နယ်သာလန်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်ဆုံရာ ပန်းလှိုင်ရေတံခါး ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းအပါအဝင် အသေးစိတ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက စီမံကိန်းနှင့်ဆက်စပ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေးစီမံကိန်းပြီးစီးမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန်ကြီးများကိုလည်း တစ်ပါတည်း တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အတူ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးဇုန်များ၊ အော်ဂဲနစ်မွေးမြူရေးဇုန်များကို အမှန်တကယ် လုပ်ကိုင်နိုင်သူများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံတကာမြို့ပြများရှိ မြစ်ကမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်လေ့ရှိသည့်နည်းတူ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်တွင်လည်း မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်မြစ်ကူးတံတားမှတစ်ဆင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပန်းလှိုင်မြစ်ကောဇက ၁၄၀ အား ဟင်းသီးဟင်းရွက်ဇုန် ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေစပါးစိုက်ပျိုးရေရရှိရန်ရည်ရွယ်၍ ဒေသခံပြည်သူလူထုအတွက် လက်ငင်းအကျိုးကျေးဇူး ရရှိနိုင်မည့်အပြင် ရေရှည်အကျိုးရှိစေရန် နိုင်ငံတော်သမ္မတက စီမံကိန်းအကောင်အထည်ဖော်ရန် လမ်းညွှန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းပြီး ရှေးယခင်က ပန်းလှိုင်ဂေါက်ကွင်းနေရာအထိ နှစ်ထပ်သင်္ဘောများ ဝင်/ထွက်သွားလာနိုင်ခဲ့သော်လည်း ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် မဲဇလီဒေသမှ အုန်းပင်စုရွာအထိသာ ရေရောက်ရှိပြီး ထိုနေရာမှ ခတ္တိယရွာအထိ တိမ်ကောလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လှိုင်မြစ်ဝမှ ကင်းရွာအထိသာရေရောက်ရှိပြီး ကင်းရွာအထက်ပိုင်း ပန်းလှိုင်မြစ်ကြောင်းမှာ ရေစီးဆင်းမှုမရှိ၍ ပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ပန်းလှိုင်မြစ်ပြန်လည်တူးဖော်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက်တွင် မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ စက်ယာဉ်ယန္တရားပေါင်း ၃၄၉ စီးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ယခုနှစ်မေလကုန်တွင် စီမံကိန်းတစ်ရပ်လုံး အောင်မြင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ပန်းလှိုင်မြစ်ကြောင်းစီမံကိန်းလုပ်ငန်းများမှာ ဧရာဝတီတိုင်းဒေသကြီး မဲဇလီဒေသမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ဝအထိ အရှည် ၃၄ မိုင်ရှိပြီး စီမံကိန်းပြီးစီးပါက ဧရိယာပေါင်း ၁၂၀၁၆၄ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးစိုက်ပျိုးရေရရှိနိုင်မည်ဖြစ်သည်။ အလားတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးကောင်းမွန်ခြင်း၊ တံငါလုပ်ငန်းများဖြင့် အသက်မွေးနိုင်ခြင်း စသည်တို့ကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ ဒေသခံ အိမ်ထောင်စု ၂၀၈၃၃ တို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကသပေါင်းကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်တွင် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းဆွေးနွေးစဉ်။** (သတင်းစဉ်)



**တွံတေးမြို့နယ် ရေစို-ကသပေါင်း သံမဏိသံပေါင်တံတား ပြီးစီးမှုကို တွေ့ရစဉ်။** (သတင်းစဉ်)




ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်စီးပွားရေး အညွှန်းကိန်း စာစောင် (Selected Monthly Economic Indicators)ကို အသွင်သစ်ဖြင့် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ထုတ်ဝေလျက်ရှိပါကြောင်းနှင့် တစ်အုပ်လျှင် ကျပ် ၅၀၀၀ တိတိနှုန်းဖြင့် ရောင်းချပေးနေပြီဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သော နေရာများ - ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရန်ကုန်ရုံးခွဲ)နှင့် စာပေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့)တို့တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေထိပ်တန်း ♦ ချောင်းသာ(ငွေစဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားဝုံ (သောကြာ) | ကျိုက်ထီးရိုး (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ) | ငွေဆောင် (သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ(သောကြာ) | စီးလုံးငှားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830




လှိုင်မြို့နယ်၊ အင်းယားကန်အနီး
(ခြံကွက်ရောင်းမည်)
(၅၀×၇၆)ပေ၊ ဘိုးဘွားပိုင်၊ ပိုင်ရှင်ကိုယ်တိုင်
ဖုန်း-၀၉-၂၅၃၁၀၃၂၃၃၊ ၀၉-၇၉၅၆၁၆၉၇၅

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၁၈၂၂-A)၊ ဧရိယာ(၀. ၁၄၆)ဧကရှိ ဒေါက်တာမြင့်သိန်း အမည်ပေါက်နှစ်(၃၀) အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၃၃/၂၀၁၄)ဖြင့် ဒေါက်တာမြင့်သိန်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်သန်းသန်းစိန်[၁၂/အစန(နိုင်)၀၀၃၃၁၁] အဖအမည် ဦးထွန်းစိန်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ချီလီတောမီး မြို့များကို ခြိမ်းခြောက်လျက်ရှိ

**ဆန်တီယေဂို မတ် ၁၄**

ချီလီနိုင်ငံတွင် တောမီး ပြင်းထန်စွာလောင်သဖြင့် ထောင်ပေါင်းများစွာသော လူများသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရစဉ် အာဏာပိုင်များက အရေးပေါ် အခြေအနေထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါတောမီးသည် ဆိပ်ကမ်းမြို့များဖြစ်ကြသော ဗောလ်ပါဂိုင်ဆိုနှင့် ဗီနာဒီးလ်မားတို့ကို ခြိမ်းခြောက်လျက်ရှိသည်။

လူဦးရေ ၄၅၀၀ ကို ရွှေ့ပြောင်းပြီးစီးပြီဖြစ်ကြောင်း၊ နောက်ထပ် ၁၀၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးရန်လိုအပ်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

မတ် ၁၃ ရက် ညနေပိုင်းတွင် တရားမဝင် အမှိုက်ပုံတစ်ခုမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်သဖြင့် လျင်မြန်စွာ ကူးစက်သွားခဲ့သည်။

ထိုနေ့နှောင်းပိုင်းတွင် ဧက ၇၄၀ လောင်ကျွမ်းခဲ့ပြီးဖြစ်သည်ဟု ချီလီအရေးပေါ်ရုံးက ခန့်မှန်းသည်။

ဗောလ်ပါဂိုင်ဆိုမြို့ လူနေရပ်ကွက်များအထိ မီးကူးစက်လာခြင်းမရှိစေရန် အရေးပေါ်တပ်ဖွဲ့ဝင်များက ညရောက်သည့်တိုင်အောင် စောင့်ဆိုင်းနေခဲ့ကြသည်။

ယခုအချိန်အထိ မီးသတ်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ၍ အသက် (၆၇) နှစ်ရှိ အဘွားတစ်ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဘီဘီစီ။**




# ဗင်နွာတူကျွန်းစုကို ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်

**ပို့ဗီလာ မတ် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း ပန်သည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဗင်နွာတူကျွန်းစုကို ဝင်ရောက်တိုက်ခတ်ရာ ယင်းကျွန်းစုမှာ လုံးဝပျက်စီးသွားကြောင်း အကူအညီပေးရေးအဖွဲ့များက ယနေ့ပြောကြားသည်။

မြို့တော် ပို့ဗီလာရှိ နေအိမ်များမှာ ပျက်စီးသွားခဲ့ပြီး လူများသည် လမ်းများပေါ်တွင် အကူအညီများကို မျှော်လင့်နေကြကြောင်း ကလေးများစောင့်ရှောက်ရေးအဖွဲ့မှ တွန်စကီရိုးက ပြောသည်။

၎င်းက လူရှစ်ဦးသေဆုံးကြောင်း အတည်ပြု ပြောကြားသော်လည်း ကုလသမဂ္ဂအေဂျင်စီများကမူ ဒါဇင်နှင့်ချီ၍ လူများသေဆုံးကြောင်း ပြောကြားသည်။

ပန်မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၇၀ နှုန်းဖြင့် တိုက်ခတ်ပြီးနောက် မိုးများသည်းထန်စွာ ရွာသွန်းစေခဲ့သည်။

လမ်းများပေါ်တွင် အမှိုက်သရိုက်များ၊ အိမ်အမိုးများ၊ လဲကျနေသော သစ်ပင်များနှင့် ပြိုလဲနေသော လျှပ်စစ်ဓာတ်အားလိုင်းများဖြင့် ရှုပ်ပွေနေကြောင်း ပို့ဗီလာမြို့ အရေးပေါ်ဆက်သွယ်ရေးမှ အရာရှိတစ်ဦးက ယနေ့ပြောကြားသည်။

နယ်စွန်နယ်ဖျား ဒေသများမှ ကျေးရွာအားလုံးပျက်စီးသွားခဲ့သည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသော သဘာဝဘေးအန္တရာယ်များ လျှော့ချရေး ကမ္ဘာ့ညီလာခံသို့ တက်ရောက်နေသည့် ဗင်နွာတူသမ္မတ ဘော်ဒွင်လန့်(ခ်)ဒေးက အကူအညီပေးကြပါရန် နိုင်ငံတကာသို့ မေတ္တာရပ်ခံခဲ့သည်။

ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးက လိုအပ်လျှင် အကူအညီပေးရေးအဖွဲ့ စေလွှတ်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်ဟု ပြောကြားသည်။ **ဘီဘီစီ။**



## မော်လ်ဒိုက်သမ္မတဟောင်း မိုဟာမက်နာရှဒ် ထောင် ၁၃ နှစ် ချမှတ်ခံရ

**မေးလ်/ကိုလံဘို မတ် ၁၄**

မော်လ်ဒိုက်သမ္မတဟောင်း မိုဟာမက်နာရှဒ်သည် ၂၀၁၂ ခုနှစ်အတွင်း သမ္မတတာဝန်ထမ်းဆောင်စဉ် တရားသူကြီးတစ်ဦးအား ဖမ်းဆီးရန် အမိန့်ပေးခဲ့သည့်အတွက် မြို့တော်မေးလ်ရှိ တရားရုံးတစ်ရုံးက မတ် ၁၄ ရက်တွင် နာရှဒ်အား ထောင်ဒဏ် ၁၃ နှစ် ချမှတ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

နိုင်ငံ၏ ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော သမ္မတဟောင်းနာရှဒ်သည် ရှုပ်ထွေးပြီး အငြင်းပွားမှုများဖြင့် ပြည့်နှက်နေသော အခြေအနေများတွင် ရာထူးမှထုတ်ပယ်ခံရကာ လွန်ခဲ့သည့်လက ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ထပ်မံရှုံးနိမ့်ခဲ့သည်။

နာရှဒ်သည် ဂီရီဖူရှိကျွန်းတွင် တရားသူကြီးချုပ်ကို ဖမ်းဆီးရန်သို့မဟုတ် အတင်းအဓမ္မခေါ်ဆောင်ရန် အမိန့်ပေးခဲ့သည်ဟု အထောက်အထားနှင့်တကွ တရားစွဲဆိုခြင်းခံထားရကြောင်း တရားသူကြီး အဗ္ဗဒူလာဒီဒီက မြို့တော်မေးလ်ရှိ တရားရုံး၌ ပြောကြားသည်။

တရားစွဲဆိုမှုမှာ နိုင်ငံရေးကစားကွက်တစ်ခုဖြစ်သည်ဟူသော စွပ်စွဲချက်ကို ငြင်းဆန်ခဲ့ပြီး တရားသူကြီးသုံးဦးပါ ခုံရုံးအဖွဲ့က ထောင်ဒဏ် ၁၃ နှစ်ကို ချမှတ်အတည်ပြုခဲ့သည်။

နာရှဒ်၏ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲအောင်မြင်မှုသည် လက်ရှိသမ္မတ အဗ္ဗဒူလာယာမန်းနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မော်မွန်းအဗ္ဗဒူလ်ဂေရွမ်၏ နှစ်သုံးဆယ်ကြာ အာဏာရှင်စနစ်ကို အဆုံးသတ်စေခဲ့သည်။

နာရှဒ်ကို အကြမ်းဖက်မှုကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်လိုက်သည့် ကြေညာချက်ထွက်ပေါ်လာသည့်အချိန်ကစပြီး မေးလ်မြို့တော်ရှိ ထောင်ပေါင်းများစွာသော ပြည်သူများ လမ်းများပေါ်ထွက်ကာ ကန့်ကွက်မှုများ လုပ်ဆောင်ခဲ့သည်။ **ရိုက်တာ။**



# ရဟတ်ယာဉ်ပျက်ကျသော်လည်း သေကံမရောက်သည့် (၅) ရက်သားကလေးငယ်

**ဘဲဂရိတ် မတ် ၁၄**

ဆားဘီးယားနိုင်ငံ မြို့တော်ဘဲဂရိတ်တွင် နေထိုင်မကောင်းသော ၅ ရက်သား ကလေးငယ်တစ်ဦးအား ဆေးရုံသို့ပို့ဆောင်ရန် သယ်ဆောင်လာသော စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည် ဘဲဂရိတ်မြို့ နိုင်ငံတကာလေယာဉ်ကွင်းအနီး ဆီးနှင်းထူထူကြားတွင် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းခဲ့သူ ခုနစ်ဦး သေဆုံးခဲ့ပြီး အဆိုပါကလေးငယ်မှာ အသက်ရှင်ကျန်ရစ်ခဲ့သည်။

၎င်းကလေးငယ်ကို ဆေးကုသမှုခံယူရန် အရေးပေါ်ကားတစ်စီးက ဆေးရုံသို့ ဆက်လက်ခေါ်ဆောင်သွားစဉ် လမ်းခုလတ်တစ်နေရာတွင် မြေပြိုကျမှုများ ဖြစ်ပွားခဲ့သဖြင့် အမ်အိုင်-၁၇ ပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းက ကလေးငယ်အား ထပ်မံခေါ်ဆောင်သွားခဲ့သည်။ ကယ်ဆယ်ရေးလုပ်သား လေးဦးနှင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦး လိုက်ပါလာသော ပို့ဆောင်ရေးရဟတ်ယာဉ်သည် လောင်စာဆီကုန်ခန်းသွားသဖြင့် ဘဲဂရိတ်မြို့လေဆိပ်အနီးတွင် အရေးပေါ်ဆင်းသက်စဉ် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက ပို့ဆောင်ရေးရဟတ်ယာဉ်သည် ဘဲဂရိတ်မြို့၏ ဘောလုံးကွင်းတစ်ခုတွင် ဆင်းသက်နိုင်ခဲ့သည်ဟု ဆိုသည်။ **စကိုင်းနယူးစ်။**



## ဥရောပသမဂ္ဂက ရုရှားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှု သက်တမ်းတိုးမြှင့်

**ဘရပ်ဆယ် မတ် ၁၄**။ ။ယူကရိန်းအရေးတွင် တင်းမာသောလုပ်ဆောင်ချက်များရှိနေသေးသဖြင့် ရုရှားအစိုးရအဖွဲ့ဝင်များအပါအဝင် စီးပွားရေးလုပ်ငန်းများရှင်များအား ဥရောပသမဂ္ဂက စီးပွားရေးနှင့်ခရီးသွားလာခွင့် ပိတ်ဆို့မှုသက်တမ်းတိုးမြှင့်လိုက်ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂကောင်စီက ယမန်နေ့က ပြောသည်။

ခရီးသွားလာခွင့်ပိတ်ပင်ထားသည့် ရုရှားနိုင်ငံသား ၁၅၀ နှင့် စီးပွားရေးပိတ်ဆို့ထားသည့်လုပ်ငန်း ၃၇ ခုတို့အား စက်တင်ဘာ ၁၅ ရက်ထိ နောက်ထပ်ခြောက်လ သက်တမ်းတိုးပိတ်ပင်လိုက်ပြီဖြစ်သည်။

ဖေဖော်ဝါရီ ၁၆ ရက်မှစပြီး ဥရောပသမဂ္ဂက ရုရှားကာကွယ်ရေးဒုတိယဝန်ကြီးအပါအဝင် နိုင်ငံသား ၁၉ ဦးအား ခရီးသွားလာမှုကို ပိတ်ဆို့လိုက်ပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဂျပန်၌ ကျင်းပ

**တိုကျို မတ် ၁၄**

သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးရမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်လျက် နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ်ကို ဂျပန်နိုင်ငံ မီယာဂီပြည်နယ် ဆန်ဒိုင်းမြို့၌ မတ် ၁၄ ရက်တွင် စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆူနာမီရေလှိုင်းဒဏ်ကို တွေ့ကြုံခံစားခဲ့ရသော ဂျပန်နိုင်ငံ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ မူဝါဒရေးဆွဲသူများ တက်ရောက်ကြသည်။ ၁၀နှစ်တစ်ကြိမ် ကျင်းပသည့် အဆိုပါဆွေးနွေးပွဲ စတင်ကျင်းပနေချိန်မှာပင် တောင်ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ဗင်နွာတူနိုင်ငံတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး လူအများအပြားသေဆုံးရဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

မိမိသည် ဗင်နွာတူသမ္မတအား မကြာမီက တွေ့ဆုံခဲ့ပြီး မုန်တိုင်းကြောင့် ထိခိုက်ရသူများအတွက် ဝမ်းနည်းမှုဖြစ်ရပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာအား ခြိမ်းခြောက်နေသော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ မိမိတို့ဆွေးနွေးနိုင်ရန် ဆန်ဒိုင်းမြို့သို့ စုဝေးရောက်ရှိနေကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မိန့်ခွန်းမြွက်ကြားရာတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ၁၀ နှစ်တာကာလပတ်လုံး ကမ္ဘာကြီးပူနွေးမှုနှင့်အတူ ပြင်းထန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများကို တွေ့ကြုံခံစားခဲ့ရကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးသည် အဓိကကျကြောင်း ဘန်ကီမွန်းက ပြောကြားသည်။ **ပီတီအိုင်။**

ပြည်တွင်းရေးရာ

# အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး**(အောက်ပုံ)** တက်ရောက်လာကြသည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို ကြားနာခဲ့သည်။


ဥပဒေကြမ်း ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အရပ်ဘက်အဖွဲ့အစည်းလေးခုမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြသည်။

ထိုသို့ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ကြားနာခြင်းနှင့်စပ်လျဉ်း၍ ကျင်းပခဲ့သည့် ရည်ရွယ်ချက်များနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဆိုင်ရာများ၊ အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်းသည့် ဥပဒေရေးဆွဲရေးဆိုင်ရာ အကြောင်းအရာများအပေါ် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အတွင်းရေးမှူး ဦးစောရွှေလင်း၊ ရခိုင်သဟာယအသင်း အလုပ်အမှုဆောင် ဒေါက်တာစံလှကျော်၊ နာရေးကူညီမှုအသင်း(ရန်ကုန်) ပညာရေးအကြံပေး ဒေါ်နီလာ၊ ဘာရာဒွာဂျာနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ပရိုဂရမ် ဒါရိုက်တာ ဦးနေလင်းစိုးတို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့အဖွဲ့အစည်း၏ သဘောထားအမြင်များ၊ အတွေ့အကြုံများအပေါ် အခြေခံ၍ ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**






# ကမ္ဘာပတ် နေစွမ်းအင်သုံးလေယာဉ် မတ် ၁၅ ရက် ဗာရာဏသီမြို့သို့ ဆိုက်ရောက်မည်

**နေပြည်တော် မတ် ၁၄**

ပြီးခဲ့သည့် မတ် ၉ ရက်က အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့တော်မှ စတင်ထွက်ခွာလာခဲ့သော ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်သည် အိုမန်နိုင်ငံမြို့တော် မတ်စကပ်နှင့် အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ အာမက်ဒါဘတ်မြို့တို့၌ ခရီးတစ်ထောက်ရပ်နားမှုများ ပြုလုပ်ပြီးနောက် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာ နာမည်ကျော် ဗာရာဏသီမြို့သို့ ဆက်လက်ပျံသန်းမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ မဲဆန္ဒနယ်မြေ ဗာရာဏသီမြို့တွင် Solar Impulse-2 လေယာဉ်ဆိုက်ရောက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်း လယ်လ် ဘဟာဒါရှတ်ထရီလေဆိပ်မှ ညွှန်ကြားရေးမှူး အက်စ်ကေ မာလစ်က ပြောကြားသည်။ Solar Impulse-2 လေယာဉ်သည် မတ် ၁၅ ရက် ည ၇ နာရီဝန်းကျင်တွင် ဗာရာဏသီမြို့၌ ဆင်းသက်ပြီး ယင်းလေယာဉ် မဆိုက်ရောက်မီ နှစ်နာရီစောကာ ထောက်ပံ့ရေးလေယာဉ်နှစ်စင်း ကြိုတင်ရောက်ရှိမည်ဟုမျှော်လင့်ရကြောင်း ၎င်းက ဆိုသည်။

Solar Impulse-2 လေယာဉ်သည် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ ထွက်ခွာပြီးနောက် နာမည်ကျော် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများရှိရာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော် မန္တလေးသို့ မတ် ၁၈ ရက် ညနေ ၅ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းနေ့ ညနေ ၅ နာရီခွဲမှ ၆ နာရီထိ သတင်းထောက်များ ရောက်ရှိကြောင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး ၆ နာရီမှ ၆ နာရီခွဲထိ ဆိုလာလေယာဉ်ကို လှည့်ပတ်ကြည့်ရှုမည်ဖြစ်ကာ ညနေ ၆ နာရီခွဲမှ ည ၈ နာရီထိကျင်းပမည့် သတင်းစာရှင်းလင်းပွဲတွင် Jardine Schindler Group မှ အမှုဆောင်ချုပ် မစ္စတာဂျူဂျာဒန်ဂီနာ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ္စတိုဘာဂျန်နာနှင့် Solar Impulse-2 လေယာဉ်မှူးတစ်ဦးတို့က အမှာစကားများ ပြောကြားမည်ဖြစ်သည်။

မန္တလေးမြို့မှ တရုတ်နိုင်ငံ ချုံကျင်းနှင့် နန်ကျင်းမြို့များသို့ ဆက်လက်ပျံသန်းပြီး ဟာဝိုင်ယီကျွန်းများမှ တစ်ဆင့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကျော်ကာ အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိမည်ဖြစ်ပြီး ဖီးနစ်နှင့် နယူးယောက်မြို့များ၌ ခရီးတစ်ထောက် ရပ်နားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဥရောပတောင်ပိုင်းသို့မဟုတ် မြောက်အာဖရိကတွင် ရပ်နားမှုတစ်ကြိမ် ပြုလုပ်မည်ဖြစ်ပြီး ဇူလိုင်လနှောင်းပိုင်းတွင် စတင်ထွက်ခွာရာ အဘူဒါဘီမြို့တော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ Solar Impulse-2 လေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းရေးအစီအစဉ်ကို မိုနာကိုမင်းသားအဲလ်ဘတ်၊ ယူအေအီးဝန်ကြီးနှင့် Masdar သိပ္ပံနှင့် နည်းပညာအင်စတီကျူဥက္ကဋ္ဌ ဆူလ်တန်ဘင်အာမက်ဆူလ်တန်အယ်လ်ဂျာဘား၊ ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင် ရစ်ချတ်ဘရန်ဆင်နှင့် အမေရိကန် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးတို့က ထောက်ပံ့မှုများ ပြုလုပ်ထားသည်။

Solar Impulse-2 လေယာဉ်ကို ၁၉၉၉ ခုနှစ်က မီးပုံးပျံတစ်စင်းဖြင့် ကမ္ဘာတစ်ဝန်းပျံသန်းခဲ့သူ စိတ်ရောဂါအထူးကု ဘတ်ထရန်ပက်ကဒ်၊ ဝါရင့်လေယာဉ်ဒီဇိုင်းအင်ဂျင်နီယာနှင့် လေယာဉ်မှူးဟောင်း အန်ဒရီဘော့ချ်ဘတ်ဂ်တို့က တစ်လှည့်စီ ထိန်းချုပ် မောင်းနှင်လျက်ရှိသည်။

**(သုတ)**




# စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး မတ် ၁၄**

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိဟံသာခန်းမ၌ မတ် ၁၂ ရက် နံနက် ၉ နာရီကကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးဦးအောင်ငွေနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်မှူးများ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအောင်ငွေက အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပပြီး အဆိုပါဆွေးနွေးပွဲသို့ မြို့နယ် ၂၈ မြို့နယ်မှ စာကြည့်တိုက်မှူး ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကရင်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**နောင်ချို မတ် ၁၄**

နောင်ချိုစာစစ်ဌာန နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲသို့ လာရောက်ဖြေဆိုကြသော ကံကြီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းမှ ဓနုတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၁၆၂ ဦးတို့အား Mobile Team လရ(၁)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူးဦးမြင့်သူရ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းနှင့်အဖွဲ့သည် မတ် ၁၄ ရက် နံနက် ၈ နာရီတွင် ကျောင်းသား ကျောင်းသူများတည်းခိုရာအဆောင်သို့ ရောက်ရှိလာပြီး နံနက်စာအာဟာရနှင့် ကြက်သားနှင့် ထမင်းများကို ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ နောင်ချိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းလွင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များကလည်း စာမေးပွဲလာရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများ ရေအခက်အခဲမရှိစေရန်အတွက် ရေသန့်ဘူးများလာရောက်ပေးပို့ကူညီကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

▼

# ပွင့်သော ပန်းတိုင်း လန်းပါစေ

**ဒေါက်တာမေခင်သန်း (အာဟာရ၊ ကျန်းမာရေးဦးစီးဌာန)**

ပြဟ္မာ့ပြည်မှ အပ်တစ်စင်းနှင့် လူ့ပြည်မှအပ်တစ်စင်းထိတွေ့ရန် ခက်ခဲသကဲ့သို့ လူ့ဘဝရရှိရန် ခက်ခဲလှပါသည်။ ကိုးလလွယ် ဆယ်လဖွားကာ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှသည် လူဖြစ်လာခဲ့ရပါသည်။ မိမိရင်မှ မွေးဖွားလာသော ကလေးကို အင်္ဂါစုံသော၊ ကျန်းမာသော၊ ချစ်စရာကောင်းသော ကလေးသာဖြစ်စေလိုကြပါသည်။

ယနေ့ကမ္ဘာတစ်ဝန်းမှာ မွေးရာပါချို့ယွင်းမှုသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ် ဖြစ်လာနေပါသည်။ ကမ္ဘာတွင် မွေးရာပါချို့ယွင်းမှုများ တစ်နှစ်အောက်ကလေး ၃၃ ဦးလျှင် တစ်ဦးခန့်ရှိကြောင်း၊ နှစ်စဉ် ၃ ဒသမ ၂ သန်းခန့်သော ကလေးများသည် မွေးရာပါကိုယ်အင်္ဂါ ချို့ယွင်းမှုများ ရှိနေကြောင်း၊ မွေးပြီးစ တစ်လအတွင်း မွေးရာပါချို့ယွင်းမှုကြောင့် ကလေးငယ် ၂၇၀၀၀၀ ခန့်မှာ နှစ်စဉ်သေဆုံးနေရကြောင်း လေ့လာတွေ့ရှိထားကြပါသည်။ ၂၀၁၀ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံမှ မွေးရာပါချို့ယွင်းမှုများနှင့်ပတ်သက်၍ အရှိန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့ကို ကမ္ဘာ့မွေးရာပါချို့ယွင်းမှုပပျောက်ရေး နေ့အဖြစ် ပထမဆုံးအကြိမ်အဖြစ် သတ်မှတ်လိုက်ကြပါသည်။




ကိုယ်အင်္ဂါချို့ယွင်းမှုများ၊ မွေးရာပါနှလုံးရောဂါစသည့် မွေးရာပါ ချို့ယွင်းမှုများကြောင့် မွေးကင်းစနှင့် ကလေးသူငယ် သေဆုံးမှုများစေခြင်း၊ ရှင်သန်လာသော ကလေးများသည်လည်း ငယ်စဉ်ကတည်းက လူမှုပတ်ဝန်းကျင်မှာ မျက်နှာငယ်ရခြင်း၊ ကြီးပြင်းလာသည့်အခါမှာလည်း အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ ဆေးကုသမှုနှင့် ခွဲစိတ်ကုသမှုတို့ လိုအပ်ခြင်းတို့ကြောင့် မိသားစုအနေဖြင့်သာမက နိုင်ငံတော်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ မလိုအပ်ဘဲဆုံးရှုံးရခြင်း၊ ပညာတတ်ဦးရေ လျော့နည်းခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ တွေ့ကြုံစေနိုင်ပါသည်။

မွေးရာပါချို့ယွင်းမှုများဖြစ်စေသောအကြောင်းရင်းများတွင် မျိုးရိုးဗီဇနှင့်ဆိုင်သော အကြောင်းများအပြင် ကိုယ်ဝန်ဆောင်မိခင်၏ကျန်းမာရေးအခြေအနေ၊ ဘဝနေထိုင်မှုပုံစံ၊ အာဟာရဓာတ်ချို့တဲ့မှု၊ ပတ်ဝန်းကျင်ရှိ ဓာတုပစ္စည်းများစသည်တို့ပါဝင်ပါသည်။

မွေးရာပါချို့ယွင်းမှုအများစုမှာ ကြိုတင်ကာကွယ်၍ရပါသည်။ ဖြေရှင်းနိုင်မည့် နည်းလမ်းများတွင် အာဟာရလုံလောက်မျှတစွာစားသုံးခြင်း၊ အိုင်အိုဒင်းဆား စားသုံးခြင်း၊ ဖောလစ်အက်စစ် သောက်သုံးခြင်း၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု စနစ်တကျခံယူခြင်း၊ နာတာရှည်ရောဂါများကောင်းစွာကုသခြင်း၊ အရက်/ဆေးလိပ်/မူးယစ်ဆေးတို့မှ ရှောင်ရှားခြင်း၊ မျိုးရိုးဗီဇနှင့် မွေးကင်းစကလေး စစ်ဆေးခြင်း (Genetic screening and New born screening)တို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် မွေးရာပါချို့ယွင်းမှုများ ကာကွယ်ခြင်း၊ ပြုစုကုသခြင်းလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း မွေးရာပါချို့ယွင်းမှု ကာကွယ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရေး တိုးချဲ့ဆောင်ရွက်ရန် လုပ်ငန်းများရှိနေပါသေးသည်။

နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးဖွားလာသော



ကလေးတိုင်း ကျန်းမာ၊ ဖွံ့ဖြိုး၊ ဉာဏ်ရည်တိုးဖို့လိုပါသည်။ မွေးရာပါချို့ယွင်းမှုများကာကွယ်ခြင်း၊ ပြုစုကုသခြင်း၊ စောင့်ကြပ်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းတို့တွင် မိမိစွမ်းနိုင်သမျှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

ကလေးငယ်လေးများ၏နုနယ်လှပချစ်စဖွယ်ကောင်းခြင်း၊ ထိခိုက်လွယ်ခြင်းတို့ကြောင့် ပန်းကလေးများနှင့် ခိုင်းနှိုင်းပြောဆိုလေ့ရှိပါသည်။ ပွင့်သောပန်းတိုင်းလန်းစေရေးအတွက် မွေးရာပါချို့ယွင်းမှုများကာကွယ်ရေးလုပ်ငန်းသည် ရေရှည်အလေးထားဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပါသည်။

ပွင့်သော ပန်းတိုင်း လန်းပါစေ။ ။

# ကမ္ဘာ့ဉာဏ်ရည်မသန်စွမ်း(ဒေါင်းစ်ဆင်ဒရုမ်း) ကလေးများနေ့ ကျင်းပမည်

**ရန်ကုန် မတ် ၁၄**

ကမ္ဘာ့ဉာဏ်ရည်မသန်စွမ်း(ဒေါင်းစ်ဆင်ဒရုမ်း)ကလေးများနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာစတိတ်တွင် မတ် ၂၁ ရက်မွန်းလွဲ ၂ နာရီမှ စတင်၍ ည ၇ နာရီအထိ ဉာဏ်ရည်မသန်စွမ်း ကလေးငယ်များ၊ ၎င်းတို့၏ မိဘနှင့်အတူ ကူညီပံ့ပိုးပေးသူအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဂီတအနုပညာရှင်များ၊ မော်ဒယ်များဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ ဉာဏ်ရည်မသန်စွမ်း (ဒေါင်းစ်ဆင်ဒရုမ်း)ကလေးငယ်များမွေးဖွားခဲ့သည့် မိဘများအနေဖြင့် မိမိသားသမီးကလေးငယ်များ ဘဝရှေ့ရေးအတွက် အားငယ်ဝမ်းနည်းစရာမလိုဘဲ အများနည်းတူ ပျော်ရွှင်ဖွယ်ရာ လူ့ဘဝရင်ဆိုင်ဖြတ်သန်းကျော်လွှားနိုင်ရန် ဘဝတူမိဘများနှင့် ကူညီအားပေးထောက်ပံ့မည့်သူများက အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအရပ်ဒေသအသီးသီးရှိ ဉာဏ်ရည်မသန်စွမ်း(ဒေါင်းစ်ဆင်ဒရုမ်း)ကလေးများ၏ မိဘများအနေဖြင့် လာရောက်လေ့လာ၍ ပါဝင်ဆင်နွှဲနိုင်ပြီး ၎င်းကလေးငယ်များ၏ ဘဝကိုကူညီပံ့ပိုးလိုသော မိဘပြည်သူများအနေဖြင့်လည်း ဖုန်း-၀၉-၉၇၅၅၇၉၃၄၂၊ ၀၉-၄၂၀၀၁၂၂၀၃ နှင့် ၀၉၄၂၀၇၂၃၀၉၉ တို့သို့ ဆက်သွယ်၍ အကြံဉာဏ်များ၊ တောင်းခံခြင်း၊ အလှူငွေများလှူဒါန်းခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။

(၅၄၈)

# ရှားပါးအရေပြားဝေဒနာရှင်မောင်နှမ ဆေးကုသမှုခံယူရန် မန္တလေးသို့ရောက်ရှိ

**မန္တလေး မတ် ၁၄**

မကွေးတိုင်းဒေသကြီး ကန်တော်ကျေးရွာမှ ရှားပါးသည့်အရေပြားဝေဒနာခံစားနေရသည့် မအိအိဖြိုး (၁၅)နှစ်နှင့် မောင်ရှိုင်းဝဏ္ဏ(၁၁) နှစ်တို့ မောင်နှမနှစ်ဦး ဆေးဝါးကုသမှုခံယူရန် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး ဖျားနာကုသဆောင်(၁)သို့ မတ် ၁၃ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါမောင်နှမတွင် အရေပြားရောဂါကို မောင်ရှိုင်းဝဏ္ဏ ရက်သားဘဝက စတင်ခံစားခဲ့ရခြင်းဖြစ်ပြီး အရေပြားများ အမြဲခြောက်သွေ့ကာ ကွာကျလျက်ရှိပြီး ပူအိုက်သည့်ရာသီများတွင် အပူဒဏ်ကိုပြင်းထန်စွာ ခံစားရသဖြင့် ရေဖြင့်အဆက်မပြတ် စိုစွတ်အောင် ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

ကလေးများ ရောဂါဝေဒနာခံစားနေရခြင်းကို လူမှုကွန်ရက်များမှ တစ်ဆင့်သိရှိရသဖြင့် ပန်းပျိုးသူများ ပရဟိတအသင်း(မန္တလေး)မှ ဆက်သွယ်ကာ ရွာအရောက်သွားရောက်ခေါ်ယူပြီး ယခုကဲ့သို့ ကုသမှုဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ဖြစ်ရခြင်းမှာ မွေးရာပါ အာဟာရဓာတ်တစ်မျိုး ချို့ယွင်းမှုကြောင့်ဖြစ်နိုင်ပြီး ခံစားနေရသော ရောဂါများ လုံးဝပျောက်ကင်းစေရန်နှင့် အခြားသော အင်္ဂါအစိတ်အပိုင်းများသို့ ကူးစက်ပြန့်ပွားခြင်းမဖြစ်စေရန် စနစ်တကျ ရောဂါရှာဖွေကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မအိအိဖြိုးတို့မောင်နှမတွင် မွေးချင်းခြောက်ယောက်ရှိပြီး ရောဂါခံစားနေရသူ နှစ်ဦးမှာ အငယ်ဆုံးနှစ်ဦးဖြစ်ကြောင်း၊ မိခင်ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်ကာ ဖခင်ဖြစ်သူမှာ အဝေးတွင် လုပ်ငန်းလုပ်ကိုင်နေရသူဖြစ်ကြောင်း၊ အဆိုပါ မောင်နှမအတွက် ကူညီလှူဒါန်းလိုပါက ကိုဝမ်း ပန်းပျိုးသူများ ပရဟိတအသင်း(မန္တလေး) ဖုန်း-၀၉ ၂၅၃၆၄၄၄၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**



# ဖြူးချောင်းရေအားလျှပ်စစ် တာတမံရေပိုလွှဲမြောင်းမှ ရေလွှတ်ပေးသဖြင့် ကျေးရွာများတွင် ရေပေါ်များစွာရရှိ

**ဖြူး မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မတ်လ ပထမပတ်မှစ၍ အပူချိန်စံချိန်တင် မြင့်တက်လျက်ရှိရာ ရေတွင်း၊ ရေကန်များနှင့် ချောင်းမြောင်းများတွင် ရေလျော့ပါးခန်းခြောက်လျက်ရှိရာ ဖြူးချောင်းဘေးရှိ ကျေးရွာများမှ နွား၊ ကျွဲများနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် သောက်ရေ၊ ချိုးရေများကို ဖြူးချောင်းရေကိုသာ အားကိုးအားထား အမှီပြုနေကြရသည်။**(အောက်ပုံ)**



ထို့ပြင် ဖြူးမြို့ပေါ်ရှိ လက်လုပ်လက်စား အဝတ်အထည်များကို အငှားလျှော်ဖွပ် လုပ်ကိုင်စားသောက်နေသူများနှင့် မိမိတို့ အိမ်သုံး အဝတ်အထည်များကို ကိုယ်တိုင်သွားရောက် လျှော်ဖွပ်ကြသူများပါ ဖြူးချောင်းရေကို အားကိုးအားထားပြုနေကြရသည်။

နိုဝင်ဘာ၊ ဒီဇင်ဘာလတို့မှစ၍ ဖြူးချောင်းရေမှာ ချောင်းအတွင်း ရေစီး၊ ရေလာမရှိသလောက်နည်းပါးခဲ့သဖြင့် ဖြူးချောင်းရေကို အမှီပြုလုပ်ကိုင်ဆောင်ရွက်နေကြရသူများမှာ ရေအခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံနေကြရပြီး ယခုအချိန်တွင် ဖြူးချောင်းတာတမံ ရေအားလျှပ်စစ်ထုတ်လုပ်ရေး ရေပိုလွှဲမြောင်းမှ ရေနေ့စဉ် လွှတ်ပေးနေသဖြင့် ဖြူးချောင်းရေ ပေါများလျက်ရှိကာ ဖြူးချောင်းရေကို အားကိုးသုံးစွဲနေကြသူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြသည်။

"ကျွန်မမှာ မိသားစု ငါးဦးရှိပါတယ်။ အဝတ်အထည် အငှားလျှော်ဖွပ်ပါတယ်။ လျှော်ဖွပ်ခတစ်နေ့ ငွေကျပ် ၂၅၀၀ မှ ၄၀၀၀ ထိရရှိပါတယ်။ နေ့စဉ်မနက်တိုင်း ထမင်းထုပ်နဲ့ သားအမိသုံးဦး ဖြူးချောင်းကိုလာပြီး အဝတ်လျှော်ဖွပ်ရပါတယ်။ ကျွန်မတို့လို အငှားလျှော်ဖွပ်တဲ့ လူလေးငါးဦးလောက်ရှိပါတယ်။ ဖြူးချောင်းရေမလာတဲ့အခါ ကျွန်မတို့ အလုပ်က အခက်အခဲတွေ့ရပါတယ်။ အခုတော့ ဖြူးချောင်းရေ နေ့စဉ် လွှတ်ပေးနေလို့ အလုပ်အဆင်ပြေလာတော့ ဝမ်းသာရတာပေါ့" ဟု ဖြူးမြို့ မြို့မအနောက် ရပ်ကွက်မှ အဝတ်အငှားလျှော်ဖွပ်သူတစ်ဦးကဆိုသည်။

**(ဖြူး-မြင့်ဦး)**

❑❑

ကာသိုလ်လည်းရ ဝမ်းလည်းဝ
ကျသင့်အခွန် တို့ကျေပွန်

## ပြည်တွင်းရေးရာ

☆ ကျောဖုံးမှ

**ဆောင်ရွက်လျက်ရှိသော မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအသီးသီးတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ရွေးကောက် တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူသို့ မနစ်နာစေရန် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူပြုစေမည့်အပြင် ပကတိအခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါ၍ စိစဉ်ပေးနိုင်ပါရန်”**တိုက်တွန်းထားခဲ့ပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာအပိုင်းအသီးသီးပါ မြေသိမ်းဆည်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် မူဝါဒများချမှတ်နိုင်ရန်နှင့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပခြင်း၊ မြေပြင်တွင် မြေကိစ္စများ ရှင်းလင်းဆောင်ရွက်နေကြသည့် သက်ဆိုင်ရာကော်မတီအဆင့်ဆင့်အား ထိတွေ့နိုင်ရန်နှင့် ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများလက်ဝယ်သို့ ပေးအပ်ရာတွင် မြေလက်ခံရယူကြသည့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှ မြေကိစ္စများအပေါ် စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်စေရေးအတွက် လုပ်ငန်းလမ်းညွှန်အဖြစ်လိုက်နာဆောင်ရွက်ရန် မူဝါဒ(၅)ရပ်နှင့် လုပ်ငန်းစဉ်(၄)ရပ်ကို ချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အထိဆိုလျှင် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် စိစစ်ဖြေရှင်းရန် **အမှုတွဲပေါင်း (၁၃၆၃၂)**မှုရှိပါကြောင်း။

အစိုးရအဖွဲ့အစည်းအဆင့်ဆင့်သို့ သီးခြားတင်ပြတိုင်ကြားလာသော တိုင်ကြားစာ အရေအတွက်မှာ ၂၁၂၃ စောင်ရှိပြီး သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စိစစ်ဖြေရှင်းဆောင်ရွက်စေလျက်ရှိပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၅-၆-၂၀၁၄ ရက်တွင်သဝဏ်လွှာပေးပို့ခဲ့၍လည်းကောင်း၊ ပြန်လည်စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေကို ၁၉-၁၂-၂၀၁၄ ရက်တွင် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဖြင့်လည်းကောင်း၊ ၁၇-၂-၂၀၁၅ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ရှင်းလင်းတင်ပြခြင်းဖြင့်လည်းကောင်း ပြည်ထောင်စုလွှတ်တော်နှင့်ပြည်သူလူထုထံသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်လည်စွန့်လွှတ်မြေများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်မှပေးပို့သည့် အစီရင်ခံစာအပိုင်းများတွင်ပါရှိသည့် ပြန်လည်စွန့်လွှတ်သည့်မြေများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားပြန်လည်စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်အနေဖြင့်လည်း ပြန်လည်စွန့်လွှတ်မြေများတွင်ပါဝင်သည့် လယ်ယာမြေများအား တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ဖြင့်လည်းကောင်း၊ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် စားကျက်မြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းစသည့် မြေများတွင်ပါဝင်နေသည့် စိုက်ပျိုးမြေများကိုလည်း အမှန်တကယ်လုပ်ကိုင်နေသည့်တောင်သူများထံယာယီပုံစံဖြင့်လည်းကောင်း ပြန်လည်လွှဲပြောင်းပေးအပ်ထားခဲ့ပါကြောင်း၊ ထို့အပြင် စိုက်ပျိုးမြေမဟုတ်သော အခြားမြေများကိုလည်း သက်ဆိုင်သူ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ထားပြီး လွှဲပြောင်းပေးအပ်ရန် ကျန်ရှိမြေများအား စိစစ်ဆဲဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးရမည့် မြေယာအငြင်းပွားမှုများသည် ပမာဏအားဖြင့်များပြားလှပါကြောင်း၊ ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းအပိုင်းများမှာ နှောင့်နှေးကြန့်ကြာမှုများနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်အတွင်းမှ လည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း မိမိတို့အစိုးရအပေါ် အပြုသဘောဖြင့် ထောက်ပြဝေဖန်မှုများကိုလည်း ကြိုဆိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြေကိစ္စများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများတွင် လက်ရှိအခြေအနေထက်ပိုမိုထိရောက်ကောင်းမွန်၍ လွယ်ကူရှင်းလင်းမည့်လုပ်ငန်းစဉ်များ ထပ်မံ ဖြည့်စွက်ဆောင်ရွက်နိုင်ရန်နှင့် မြေသိမ်းဆည်းခံရမှုများကြောင့် အမှန်တကယ် နစ်နာဆုံးရှုံးခဲ့ကြသည့် ပြည်သူများအတွက် ရသင့်ရထိုက်သည့်ပြန်လည်စွန့်လွှတ်မြေများ(သို့မဟုတ်) လျော်ကြေးငွေများအား သက်ဆိုင်သူများလက်ဝယ် အမြန်ပြန်လည်ပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာနေသည့်အတားအဆီးအခက်အခဲများကို ဖြေရှင်း ကျော်လွှားနိုင်မည့် နည်းလမ်းကောင်းများကို ဖော်ထုတ်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ယခုလိုတွေ့ဆုံဆွေးနွေးပွဲကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်ပိုင်ဖြစ်သည့် သစ်တောမြေ၊ မြေလွတ်မြေရိုင်းများ၊ လမ်းမကြီးနယ်နိမိတ်များစသည့် မြေများပေါ်တွင် တရားမဝင်ကျူးကျော်နေထိုင်မှုများရှိလာသည့်အပြင် အများပြည်သူပိုင်လယ်မြေ၊ ယာမြေနှင့် စားကျက်မြေများ၊ အစိုးရဌာနဆိုင်ရာ မြေများပေါ်မှာလည်း တရားမဝင်ကျူးကျော်နေထိုင်မှုများ နယ်မြေအသီးသီးမှာ ရှိလာသည်ကို တွေ့ရပါကြောင်း၊ ယင်းကျူးကျော်မှုများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဟန့်တားအရေးယူသော်လည်း ပြဋ္ဌာန်းထားသည့်ဥပဒေများသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိသည့်အတွက် ထိရောက်ဟန့်တားနိုင်မှုမရှိတာကို တွေ့ရပါကြောင်း၊ မြေအမျိုးအစားအလိုက် ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များအား ဥပဒေကြောင်းအရ အခိုင်အမာအကာအကွယ်ပေးနိုင်ရန်အတွက် ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်မည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါကြောင်း။



မြေအသုံးချမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အခါအခွင့်သင့်ခိုက် ရေရှည်တည်တံ့သည့် မြေအသုံးချမှုနှင့် ခိုင်မာသည့် မြေစီမံခန့်ခွဲမှု စနစ်တစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရမှ အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်မှု အခြေအနေအကျဉ်းချုပ်အား ရှင်းပြလိုပါကြောင်း။

မြေအရင်းအမြစ် စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့်လူမှုရေးဆိုင်ရာ ရှုထောင့်စုံမှသုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့် ဥပဒေမူဘောင်နှင့်စွမ်းရည်ရှိသည့် မြေစီမံအုပ်ချုပ်ရေးစနစ်များအား ချမှတ် ကျင့်သုံးအကောင်အထည်ဖော်ရန် လွန်စွာအရေးကြီးပါကြောင်း။

သက်ဆိုင်သူများ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့် စိတ်ချလက်ချရရှိရေး၊ မြေအခွင့်အရေးများ ခွဲဝေပေးမှု ယန္တရားတစ်ရပ် သတ်မှတ်နိုင်ရေး၊ လူမှုရေးတည်ငြိမ်မှုကို မြှင့်တင်နိုင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းဖန်တီးရေး၊ ရေရှည်တည်တံ့သည့် မြေအသုံးချမှုနှင့် ခိုင်မာသည့် မြေစီမံ ခန့်ခွဲမှုစနစ်ပေါ်ထွန်းရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးပြည့်ဝသော အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးတို့အတွက် မြေမူဝါဒမှာ အလွန်အရေးကြီးပါကြောင်း။

ဥပဒေရေးရာမူဘောင်တွင် မြေနှင့်မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဥစ္စာများ၏ ဥပဒေအရ အဆင့်အတန်း၊ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်၊ မြေဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ မြေအမျိုးအမည် သတ်မှတ်ခြင်း၊ မြေနယ်နိမိတ်များ ရေးဆွဲခြင်း၊ မြေကွက်များ တိုင်းတာခြင်း၊ မြေကွက်သတင်းအချက်များ ဖော်ပြခြင်း စသည့်အချက်များ ပြည့်စုံစွာပါဝင်ရန် လိုအပ်ပါကြောင်း၊ မူဝါဒ၊ ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဖို့ ခိုင်မာအားကောင်းသည့် မြေယာအုပ်ချုပ် မှုစနစ်လိုအပ်ပါကြောင်း။

မြေယာအုပ်ချုပ်မှုဆိုသည်မှာ မြေအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒများကို အကောင်အထည်ဖော်ရာတွင် မြေပိုင်ဆိုင်မှု၊ မြေတန်ဖိုးနှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် ဖြန့်ဝေခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

မြေယာအုပ်ချုပ်မှု ကောင်းမွန်ရေးအတွက် ရှင်းလင်းပြီး သင့်တော်ထိရောက်သည့် တရားဥပဒေစနစ်နှင့်အညီ ဆုံးဖြတ်လုပ်ဆောင်ပေးမည့် ခမ္မခိဋ္ဌာန်ကျသည့် ဥပဒေရေးရာမူဘောင်နှင့် လုပ်ပိုင်ခွင့်နှင့်အခွင့်အာဏာများကို ရိုးရှင်းထိရောက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် တည်ကြည်ဖြောင့်မတ်စွာ ကိုင်တွယ်၊ ကျင့်သုံးခြင်းတို့ လိုအပ်ပါကြောင်း။

မိမိတို့အနာဂတ်မှာ သွားလိုသည့် မြေအရင်းအမြစ်အသုံးချမှုကို ရိုးရိုးရှင်းရှင်းစီမံခန့်ခွဲနိုင်ရန် အရေးကြီးပါကြောင်း၊ ပဏာမ ရှေ့လုပ်ငန်းစဉ်(၃)ရပ်အဖြစ် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်အဖြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ်ဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်ရန်၊ မြေအရင်းအမြစ် မူဝါဒဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လက်တွေ့ကျသော ထီးရိပ်ဥပဒေတစ်ရပ်ပေါ်ထွက်လာရေးအတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ညှိနှိုင်းရေးဆွဲရန်၊ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ လက်ငင်းရရှိနိုင်ရေး မြေယာအုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲရေး ရှေ့ပြေးစမ်းသပ်စီမံချက်များကို အကောင်အထည်ဖော်သွားရန် ချမှတ်ဆောင်ရွက်နေပါကြောင်း။

မြေမူဝါဒမူဘောင် ကောင်းမွန်ခြင်း၊ မြေဆိုင်ရာသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကောင်းမွန်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားသည့် ဖွဲ့စည်းမှုအစီအမံ ကောင်းမွန်ခြင်းများနှင့်ပြည့်စုံမှသာ မြေလုပ်ပိုင်ခွင့်၊ မြေတန်ဖိုး၊ မြေအသုံးချမှု၊ မြေယာဖွံ့ဖြိုးတိုးတက်မှုစသည့် မြေယာအုပ်ချုပ်မှု လုပ်ငန်းဆောင်တာများ ချောမွေ့ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ မြေယာအုပ်ချုပ်မှုလုပ်ငန်းများ ကောင်းမွန်မှလည်း စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် နယ်ပယ်(၃)ရပ် သဟဇာတဖြစ်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါကြောင်း။

ယခုလုပ်ငန်းစဉ်ကြီးအောင်မြင်ဖို့ ပြည်သူလူလု၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု အဓိကလုပ်အပ်သည့်အတွက် လူထုထံအသိပေး ချပြဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိမြေယာပြဿနာများ ဖြေရှင်းရင်းနှင့် ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှု စနစ်ကောင်းတစ်ရပ်ဖော်ထုတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်စုံစမ်းရေးကော်မရှင်က ပေးပို့လာသော မြေယာပြဿနာများနှင့်ပတ်သက်၍ မြေကိုရယူထားသည့် သက်ဆိုင်ရာနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရှုထောင့်မှလည်းကောင်း၊ မြေသိမ်းခံရသူပြည်သူများနှင့် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်တို့၏ ရှုထောင့်မှလည်းကောင်း၊ စိစစ်ဖြေရှင်းပေးနေသည့် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်၏ ရှုထောင့်မှလည်းကောင်း၊ အချက်အလက်ခိုင်ခိုင်မာမာဖြင့် လေ့လာသုံးသပ်၍ ပါဝင်ပတ်သက်သူအဖွဲ့အစည်းများ တေ့တေ့ဆိုင်ဆိုင် ဆွေးနွေးပြီး မြေယာပြဿနာများ ယခုထက်ပိုမို လွယ်ကူမြန်ဆန်စွာ ဖြေရှင်းနိုင်မည့်နည်းလမ်းကောင်းများကို ဖော်ထုတ်ရှာဖွေ၍ မြေယာဆိုင်ရာလူထုနစ်နာဆုံးရှုံးမှုများကို အမြန်ဆုံးကုစားပေးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် လွှတ်တော်သည်လည်းကောင်း၊ အစိုးရအဖွဲ့သည်လည်းကောင်း ပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်တူညီစွာ ဆောင်ရွက်နေပါကြောင်း၊ လွှတ်တော်နှင့်အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယနေ့ကြုံတွေ့နေရသော မြေယာပြဿနာများကို တရားနည်းလမ်းကျစွာ ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း။

ယခုဖြစ်ပေါ်နေသော မြေယာပြဿနာများတွင် ယခုအစိုးရလက်ထက်တွင် ပေါ်ပေါက်သောကိစ္စများ အနည်းအကျဉ်းသာရှိပြီး အများစုတွင် ယခင်အစိုးရလက်ထက်က ပေါ်ပေါက်ခဲ့သောကိစ္စများ ဖြစ်နိုင်ပါကြောင်း၊ ယခင်အစိုးရလက်ထက်က ရည်ရွယ်ချက်ကောင်း၊ ရည်မှန်းချက်ရှိရှိ စေတနာဖြင့် ဆောင်ရွက်ခဲ့သော်လည်း မြေကြီးနှင့်မြေပုံကွဲလွဲမှု၊ အချို့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အားနည်းချက်၊ ချို့ယွင်းချက်များကြောင့် ပြဿနာအချို့ ရှိနေပါကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော မြေယာပြဿနာအချို့ကို အစိုးရနှင့် လွှတ်တော်တို့ပူးပေါင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဖြေရှင်းပေးရမည့် အချိန်ကာလ မကျန်တော့သဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သက်တမ်းနှင့် အစိုးရသက်တမ်းမကုန်မီ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

လွှတ်တော်နှင့် မြေယာစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် မူဝါဒများ ချမှတ်ပေးမည်ဖြစ်ပြီး အကောင်အထည်ဖော်ရသော အဖွဲ့အစည်းများမှလည်း တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မြေယာပြဿနာများအပေါ် ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြတ်ထုတ်မှုများ ရှိလာနိုင်၍ ထိုသို့မဖြစ်ပေါ်စေရန် သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှလည်း တာဝန်ယူ၊ တာဝန်ခံ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါဝင်ပတ်သက်သူအားလုံးကလည်း ရိုးသားဖြောင့်မတ်စွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြေယာပြဿနာများကို အချိန်ကာလသတ်မှတ်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ ပြည်သူအပေါ်၊ နိုင်ငံတော်အပေါ် တာဝန်ကျေ၊ သစ္စာရှိမည်ဖြစ်သကဲ့သို့ ပြည်သူ၏ ယုံကြည်လေးစားမှုကို ရရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက သိမ်းဆည်းမြေကိစ္စဆိုင်ရာများနှင့်စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်ချက်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ လယ်ယာမြေသိမ်းဆည်းခံရသူများ၏ အခြေအနေ၊ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေယာစီမံခန့်ခွဲမှုဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)မှ အပိုင်း (၁၀) အထိပေးပို့ခဲ့ခြင်းအပေါ် အပိုင်း (၇) အထိ ၆၄၄၅ မှုစိစစ်ဖြေရှင်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် စွန့်လွှတ်မြေများအား သက်ဆိုင်သူတောင်သူ ၁၅၅၇၈ ဦးတို့ထံ စိုက်ပျိုးမြေနှင့်အခြားမြေ ၁၀၀၄၁၆ ဒသမ ၃၉၈ ဧက စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း၊ သီးခြားပြန်လည်စွန့်လွှတ်မြေများအား တောင်သူ ၁၆၆၅၄ ဦးကိုစိုက်ပျိုးမြေနှင့်သီးခြားမြေ ၂၂၀၈၃၅ ဒသမ ၀၉၉ ဧက လွှဲပြောင်းပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၄သို့**❖

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနုပညာဗဟိုဌာနတည်ဆောက်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၁၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ရုပ်ရှင်၊ ဂီတ၊ သဘင် ဖျော်ဖြေတင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သက်ကြီး အနုပညာရှင်များ ဘဝအာမခံချက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးမြကြည် (ပန်တျာ)နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

◆ **စာမျက်နှာ ၇ မှ**

ထို့နောက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သစ်တောကြိုးဝိုင်းမြေများကို အင်္ဂလိပ်ခေတ်မှစ၍ သတ်မှတ်ထားရှိခြင်း ဖြစ်ပါကြောင်း၊ ယင်းသတ်မှတ်ခဲ့မှုအပေါ် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးပြီးဖြစ်၍ မကြာမီအတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့မြေများမှာ လက်ရှိသစ်တောကြိုးဝိုင်းအင်္ဂါရပ်နှင့် ဆီလျော်မှုမရှိသော်လည်း ရေရှည်တွင် နိုင်ငံတော်၏ အကျိုးပြုစီမံကိန်းများ အသုံးပြုနိုင်ရေးအတွက် အရန်မြေအဖြစ်ထားရှိနိုင်ရန် သုံးသပ်အကြံပြုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ ဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ ၁၁ ဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက အဖွဲ့များအလိုက် သိမ်းဆည်းမြေများအား မူဝါဒနှင့်အညီ ပြန်လည် စွန့်လွှတ်နိုင်ရန်နှင့် လုပ်ငန်းများ မြန်ဆန်သွက်လက်မှုရှိစေရန် ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများအား အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။

**(သတင်းစဉ်)**

■

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်း(၃) နတ်ရေကန်ငါးလုပ်ငန်းစခန်း ၁၅၈ ကေသို့ ရောက်ရှိကာ ငါးကန်များ အဆင့်မြှင့်တင်တူးဖော်မှု၊ အမရပူရမြို့နယ် မယ်တော်စုကျေးရွာအနီးရှိ ဆည်တော်ကြီး မြောင်းအမှတ် (၆) မှ ၁၂ လက်မပိုက်ဖြင့် ရေပိုက်သွယ်တန်းမှု၊ နတ်ရေကန်ငါးစခန်းအတွင်း အသုံးပြုလျက်ရှိသည့် လျှပ်စစ်မီးလိုင်းများပြုပြင်ရန် အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထက်မြန်မာပြည်အတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ပြည့်ဝဝစားသုံးရန် နတ်ရေကန်စခန်းအား စနစ်တကျအဆင့်မြှင့်တင်ပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ဖြင့် စီးပွားဖြစ်ငါးမျိုးစိတ်များ၊ တိုင်းရင်းငါးမျိုးစိတ်များ၊ ငါးကန်များအားလုံးလွှမ်းခြုံမွေးမြူနိုင်ရေးနှင့် စက်မှုဇုန်ရေဆိုးရေညစ်များ ဝင်ရောက်မှုကြောင့်ရပ်ဆိုင်းခဲ့သော ငါးသားဖောက်ထုတ်လုပ်ရေးစခန်းအား စနစ်တကျ ပြန်လည်အကောင်အထည်ဖော်နိုင်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၄ ရက် နံနက် ၇ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက်ရှိ ဧက ၂၀၄-၂၄ အကျယ်ရှိ ပုသိမ်ကြီးဘက်စုံမွေးမြူရေးခြံ၌ နွားစားကျက်စိုက်ပျိုးထားရှိမှု၊ နွားစာမြက် ခြောက်ဧကဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှု၊ ဘက်စုံမွေးမြူရေးခြံတွင် မွေးမြူထားသော ဒေသနွား ၄၆၈ ကောင် မွေးမြူထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးအစာနှစ်ပတ်လည် ဝယ်ယူစုဆောင်းထားရှိရန်၊ နွားငယ်လေးများအား စနစ်တကျပြုစုစောင့်ရှောက်ရန်၊ သားစပ်ခြင်းလုပ်ငန်းအောင်မြင်စေရန်၊ ဘက်စုံမွေးမြူရေးခြံအတွင်း ရေရရှိရေးဆောင်ရွက်ရန်နှင့် လျှပ်စစ်မီး စနစ်တကျသွယ်တန်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ နံနက် ၁၁ နာရီခွဲတွင်အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိလာရာ ငါးလုပ်ငန်းစခန်းအတွင်း မွေးမြူထားသော မျိုးငါးများနှင့် သားဖောက်ပြုစုထားသော ရွှေဝါငါးကြင်းဥများ၊ သားပေါက်များနှင့် ငါးမွေးကန်များအား အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သရက်ကုန်းငါးလုပ်ငန်းစခန်းသည် ၅၀ ဒသမ ၉၂ ဧကရှိပြီး ၁၉၆၄ ခုနှစ်ကတည်းက ဆောင်ရွက်လာသည့် စခန်းဖြစ်သည့်အတွက် ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်း အတွေ့အကြုံများအား အနီးပတ်ဝန်းကျင်နှင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ လုပ်ကိုင်နေသူများအား သင်တန်းများပို့ချဆောင်ရွက်ပေးရန်နှင့် ခေတ်မီနည်းနစ်များဖြင့် မွေးမြူနိုင်ရေးတို့အား မှာကြားသည်။

**(သတင်းစဉ်)**



# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟသ်ာတ၊ ဇလွန် ပြန်/ဆက်ရုံးများ ကြည့်ရှုစစ်ဆေး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**ဟသ်ာတ မတ် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဟသ်ာတခရိုင် ဇလွန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ်သတင်းစာများ အချိန်မီရောက်ရှိရေး၊ စာငှားစာဖတ်သူ တိုးပွားရေး၊ လစဉ်အလှူရှင်စာအုပ်များကို စနစ်တကျထားရှိရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ အင်တာနက် (WIFI) သုံးစွဲနေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟသ်ာတခရိုင် ခြောက်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံ၍ စံညီစာကြည့်တိုက်တိုးပွားရေးနှင့် အရည်အသွေးမြင့်မားသော စာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်ရန်၊ စာငှားစာဖတ်တိုးပွားရေးနှင့် စာအုပ်စာစောင်တိုးပွားရေးအလေးထားဆောင်ရွက်ရန်၊ စာပေရေချမ်းစင်များကို လစဉ်စာအုပ်အသစ်များ ဖြည့်တင်းပေးရန် မှာကြားသည်။

ဆက်လက်၍ မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် လေးမျက်နှာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က နှုတ်ခွန်းဆက်မိတ်ဆက်စကားပြောကြားပြီး လေးမျက်နှာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က ဒေသအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူဗဟိုပြုမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေးမျက်နှာမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက လက်ခံသည်။

ဆက်လက်၍ လှော်ကထားကျေးရွာရောင်ခြည်ဦး စာကြည့်တိုက်သို့ ရောက်ရှိပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**မူဆယ် မတ် ၁၄ ။** ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း မတ် ၁၂ ရက်က ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဦးစိုင်းမြင့်ဦး (၃၅)နှစ် နမ့်ပျဉ်ရွာ သီပေါမြို့နယ်နေသူ မောင်းနှင်လာသည့် 7D/ FUSO ၁၂ ဘီးယာဉ် (ပို့ကုန် DUTY ၌ ပလတ်စတစ်ဖြတ်စ ၁၆ တန် တင်ဆောင်လာသောယာဉ်)အား X-RAY (2)ဖြင့် ဖြတ်သန်းစစ်ဆေးခဲ့ရာ မသင်္ကာဖွယ်တွေ့ရှိသဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဌေး ဦးစီးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးရှာဖွေခဲ့ရာတွင် ယာဉ်ရှေ့ခန်း၌ ဆာလာအိတ်ဖြင့်ထည့်ထားသည့် ကျောက်စိမ်းအရိုင်းတုံး ခုနစ်တုံး၊ ဖရိန်သံပေါင်နှစ်ခုကြား ပြုလုပ်ထားသည့် အံ့ဂုက်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံး ၃၂တုံး စုစုပေါင်း အလေးချိန် ၆၀၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၂၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။

**(စိုင်းရိုးသျှား)**

❒ **လက်ပံတန်းဖြစ်စဉ်မှ**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မတ် ၁၃ ရက်အထိ ကျောင်းသား ကျောင်းသူ ၂၆ ဦးအား သက်ဆိုင်ရာ မိဘ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ပြီး သတင်းထောက် နှစ်ဦးကိုလည်း ပြန်လည်စေလွှတ်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတက္ကသိုလ် ဒုတိယနှစ်(စီးပွားရေး)ကျောင်းသား မောင်ဥက္ကာမောင်မောင်ကို မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း ၂၉ ဦးကို ပြန်လည်စေလွှတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **(၀၀၉)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက်နှစ်ဦးနှင့် မိဘများထံ ပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၁၂-၃-၂၀၁၅ အပ်နှံပြီး | | | ၁၃-၃-၂၀၁၅ အပ်နှံပြီး | | | ၁၄-၃-၂၀၁၅ အပ်နှံပြီး | | | စုစုပေါင်းအပ်နှံပြီး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်ကိုင်း | ၂ | - | ၂ | - | - | - | - | - | - | ၂ | - | ၂ |
| ၂ | ပဲခူး | ၁ | - | ၁ | - | - | - | - | - | - | ၁ | - | ၁ |
| ၃ | မန္တလေး | ၄ | ၁ | ၅ | ၅ | ၁ | ၆ | - | - | - | ၉ | ၂ | ၁၁ |
| ၄ | မွန် | ၁ | - | ၁ | - | - | - | - | - | - | ၁ | - | ၁ |
| ၅ | ရန်ကုန် | ၄ | ၄ | ၈ | - | ၁ | ၁ | - | - | - | ၄ | ၅ | ၉ |
| ၆ | ဧရာဝတီ | - | - | - | ၁ | ၁ | ၂ | - | - | - | ၁ | ၁ | ၂ |
| ၇ | ရှမ်း | - | - | - | - | - | - | ၁ | - | ၁ | ၁ | - | ၁ |
| | **ပေါင်း** | ၁၂ | ၅ | ၁၇ | ၆ | ၃ | ၉ | ၁ | - | ၁ | ၁၉ | ၈ | ၂၇ |
| ၈ | သတင်းထောက် | - | - | - | ၂ | - | ၂ | - | - | - | ၂ | - | ၂ |
| | **စုစုပေါင်း** | ၁၂ | ၅ | ၁၇ | ၈ | ၃ | ၁၁ | ၁ | - | ၁ | ၂၁ | ၈ | ၂၉ |

## တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၄**

တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ယနေ့တွင် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဖြေဆိုရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် တပ်နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနမှ အလွတ်ဖြေကျောင်းသား မောင်အောင်ရွှေနှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနမှ အလွတ်ဖြေကျောင်းသူ မမျိုးသီရိဝင်းတို့နှစ်ဦး စာမေးပွဲဖြေဆိုရန် စာရင်းပေးပို့ခဲ့သော်လည်း မမျိုးသီရိဝင်းတစ်ဦးသာ စာမေးပွဲဖြေဆိုမှုရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

○ **အိုလံပစ်ခြေစစ်ပွဲမှ**

ယခုပွဲမှာခြေစစ်ပွဲ ဒုတိယအဆင့်သို့တက်ရောက်ရန် အဆုံးအဖြတ်ဖြစ်ပြီး ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းမှာ သရေတစ်မှတ်ရရှိရုံဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ နှစ်သင်းစလုံးအုပ်စုအဖွင့်ပွဲတွင် သီရိလင်္ကာအသင်းကို အနိုင်ရရှိထားသော်လည်း မြန်မာက ၁၆ ဂိုးသွင်းပြီး အိန္ဒိယအသင်းက လေးဂိုးသာသွင်းထားသောကြောင့် မြန်မာအသင်းအသာရနေခြင်းဖြစ်သည်။ နှစ်ပွဲစလုံးရှုံးထားသည့် သီရိလင်္ကာအသင်းမှာပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရပြီဖြစ်သည်။

မြန်မာအသင်းမှာ အိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲများကို ၂၀၀၈ ပြိုင်ပွဲနှင့် ၂၀၁၂ ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲပထမအဆင့်မှ ထွက်ခဲ့ရသည်။ ယခုနှစ်တွင် အာရှဇုန်ခြေစစ်ပွဲကို ပုံစံပြောင်းလဲကျင်းပနေပြီး ပထမအဆင့်၌ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပထမအဆင့်တက်လာသည့် သုံးသင်းနှင့်ထိုင်း၊ ဗီယက်နမ်တို့ငါးသင်းမှာ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

## မိုဘိုင်းတာဝါတိုင်များမှထုတ်လွှင့်သည့် ရေဒီယိုလှိုင်းနှုန်းများနှင့် ပြည်သူ့ကျန်းမာရေး

**နေပြည်တော် မတ် ၁၄**

မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများအတွက် အသုံးပြုသည့် ဆက်သွယ်ရေးတာဝါတိုင်များမှ ထုတ်လွှင့်သည့် ရေဒီယိုလှိုင်းနှုန်းများသည် အလွန်အားနည်းသဖြင့် အကျိုးဆက်အဖြစ် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ဖွယ်ရှိသည့် သက်သေအထောက်အထားတွေ့ရှိထားခြင်းမရှိကြောင်း အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်များက သဘောတူထားကြသော်လည်း အများပြည်သူများမှ စိုးရိမ်မှုများရှိနေကြသည်။ ဆက်သွယ်ရေးတာဝါတိုင်များမှ ထုတ်လွှင့်သည့် ရေဒီယိုလှိုင်းများနှင့် လျှပ်စစ်သံလိုက်စက်ကွင်း (Electromagnetic Field-EMF) များကြောင့် လူသားတို့၏ ကျန်းမာရေးထိခိုက်မှုမရှိစေရန် International Commission on Non-lonizing Radiation Protection (ICNIRP) မှ ရေဒီယိုလှိုင်းနှုန်းများအလိုက် ပတ်ဝန်းကျင်လူသားများထံသို့ ရောက်ရှိနိုင်မည့် ရေဒီယိုလှိုင်းပမာဏအား ကန့်သတ်ထားသည်။ နိုင်ငံတကာတွင် တာဝါတိုင်များမှ ထုတ်လွှင့်လျက်ရှိသည့် ရေဒီယိုလှိုင်းများသည် အဆိုပါ ကန့်သတ်ထားသည့် ပမာဏထက်ကျော်လွန်၍ ရောက်ရှိမှုရှိ/မရှိ သက်ဆိုင်ရာ တာဝန်ရှိသော အဖွဲ့အစည်းများမှ စစ်ဆေးတိုင်းတာမှုများပြုလုပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် GSM Association ၏ အကူအညီရယူလျက် မြန်မာနိုင်ငံအတွင်း အသုံးပြုနေသည့် ဆက်သွယ်ရေးတာဝါတိုင်များမှ စက်များ၏ထုတ်လွှင့်နေသော ရေဒီယိုလှိုင်းများနှင့် လျှပ်စစ်သံလိုက်စက်ကွင်းများသည် နိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိကို စစ်ဆေးရန်ဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အရာထမ်းများသည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ရန်ကုန်မြို့တွင် မတ် ၇ ရက်မှ ၉ ရက်အထိလည်းကောင်း၊ မန္တလေးမြို့တွင် မတ် ၁၀ ရက်မှ ၁၃ ရက်အထိလည်းကောင်း နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုင်းတာစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

စစ်ဆေးတိုင်းတာတွေ့ရှိချက် ရလဒ်များနှင့်စပ်လျဉ်း၍ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အော်ပရေတာများနှင့် အလုပ်ရုံဆွေးဆွေးပွဲပြုလုပ်မည်ဖြစ်ပြီး မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ Sedona Hotel တွင် နိုင်ငံတကာဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ သတင်းမီဒီယာများ၊ လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူများသိရှိနိုင်စေရန် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အောင်တံခွန်-၃ ခရီးသည်တင် နှစ်ထပ်ရေယာဉ်နစ်မြုပ်၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၄**

မတ် ၁၃ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မြေပုံမြို့အရှေ့တောင်ဘက်မိုင် ၆၀ ခန့်အကွာ နောင်တော်ကြီးကျွန်းနှင့် မြောက်ကျွိန်ကျွန်းအကြား (ခန့်မှန်း-မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၃၆ မိနစ်)အတွင်း၊ ခန့်မှန်းမြေပုံညွှန်း(အီးအက်စ်-၆၃၀၇၅၀)၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အောင်တံခွန်-၃ ခရီးသည်တင် နှစ်ထပ်ရေယာဉ်နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၆၇ ဦးအား ကယ်တင်နိုင်ခဲ့ပြီး ကျန်ခရီးသည်များကို ဆက်လက်ရှာဖွေကယ်တင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေယာဉ်သည် မတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တောင်ကုတ်မြို့မှ စတင်ထွက်ခွာခဲ့ပြီး မတ် ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကျောက်ဖြူမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ နောင်တော်ကြီးကျွန်းအနီးမှဖြတ်သန်းစဉ် ငပသုန်ကျေးရွာအနီး၌ ရာသီဥတုဆိုးရွားသဖြင့် ရေယာဉ်ဦးပိုင်းမှ ရေများစတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရေယာဉ်အတွင်း ရေဝင်ရောက်မှုအား ရေယာဉ်မှူး ဦးလှမောင်သင်း ဦးစီးရေယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များက ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ခြင်း၊ အင်အားဖြင့် ရေခပ်ထုတ်ခြင်းများဆောင်ရွက်ခဲ့ကြသော်လည်း ရေဝင်ရောက်မှုကို မထိန်းနိုင်ခဲ့သဖြင့် ရေယာဉ်နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ နစ်မြုပ်ခဲ့သည့်ရေယာဉ်တွင် လူ ၂၁၄ ဦးနှင့် ကုန် ၁၂၉ တန် တင်ဆောင်ခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားရာနေရာ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ညေဝတီရေတပ်စခန်းဌာနချုပ်မှ စစ်ရေယာဉ်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီအထိ ခရီးသည် အမျိုးသား ၁၀၃ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၆၇ ဦးတို့အား ရှာဖွေကယ်တင်နိုင်ခဲ့ပြီး သံဃာတော် တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့၏ ရုပ်အလောင်းများအား ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

"အဲဒီနစ်မြုပ်သွားတဲ့ရေယာဉ် (အောင်တံခွန်-၃)ကို ၂၀၁၃ခုနှစ် ၁၁ လပိုင်း ၃ ရက်နေ့က စစ်တွေသင်္ဘောကျင်းမှာ ကျင်းတင်ပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၂၆ ရက်မှာ ရေယာဉ်လုံခြုံစိတ်ချမှုကို စစ်ဆေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **မင်းမင်းဇော်(သတင်းစဉ်)**





# တစ်ပတ်အတွင်း ထူးခြားသတင်း ပုံရိပ်များ

ကိုရင်ညြ
ရှာဖွေပြုစုတင်ပြသည်

## အာရှဒေသ

### ဥပဒေအထက်တွင် မည်သူမျှမရှိသင့်

မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုဖြင့် သေဒဏ်ကျခံရန်ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံထားရသူ နိုင်ငံခြားသား ၁၀ ဦးနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား သံတမန်ရေး တင်းမာမှုများဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရသည်။

ဩစတြေးလျ၊ ပြင်သစ်၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ ဂါနာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ နိုင်ငံသားများအပါအဝင် သေဒဏ်စီရင်ချက် ချမှတ်ခံထားရသူများကို လက်မရွံ့တပ်ဖွဲ့က အဆုံးစီရင်နိုင်ရန် အင်ဒိုနီးရှားနိုင်ငံရှိ အကျဉ်းစခန်းတည်ရာကျွန်းဖြစ်သော နုဆာကမ်ဘန်ဂန်ကျွန်းသို့ ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

သေဒဏ်စီရင်ချက်ချမှတ်ခံထားရသူအားလုံးကို အတူတကွအဆုံးစီရင်စေမည်ဟု အင်ဒိုနီးရှားရှေ့နေချုပ်ရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံခြားသားများအား သေဒဏ်စီရင်ချက်ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံများမှ အစိုးရအဖွဲ့များ၊ မိသားစုဝင်များနှင့် ရှေ့နေများက ပြုလုပ်ခဲ့ကြလင့်ကစား အင်ဒိုနီးရှားအစိုးရအဖွဲ့က အလျှော့မပေးဘဲ တင်းခံနေခဲ့သည်။

အင်ဒိုနီးရှားဥပဒေအရ မူးယစ်ဆေးဝါးသယ်ဆောင်မှုအတွက် ပြင်းထန်လှသည့် ပြစ်ဒဏ် စီရင်ချက်များကိုပြဋ္ဌာန်းထားသည်။

"ဥပဒေပါ ပြစ်ဒဏ်ဖော်ပြချက်တွေကို ပြင်ဆင်ပြောင်းလဲပေးဖို့ ညှိနှိုင်းဆွေးနွေးခြင်းဟာ ဥပဒေကိုချိုးဖောက်ရာ ရောက်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်တွေကို နိုင်ငံတွေအကြား ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်နိုင်တဲ့အရာ မဟုတ်ပါ"ဟူ၍ အင်ဒိုနီးရှားနိုင်ငံခြားရေးရုံး ပြောခွင့်ရပုဂ္ဂိုလ် အာမာနာသာ နာဆီက သတင်းထောက်များကိုပြောကြားသည်။

"ထွက်ပြီးသားဆင်စွယ် ဝင်တယ်ဟူ၍မရှိ" ဟူသော ဆိုရိုးစကားအတိုင်းပင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်နှင့်ပတ်သက်၍ မည်သည့်အာဏာပိုင်ကမျှ ဘောင်ကျော်လုပ်ကိုင်ခွင့်မရှိ၊ ဥပဒေအထက်တွင်မည်သူမျှမရှိဟု ရှုမြင်ရပါသည်။



အင်ဒိုနီးရှားတရားရုံးတော်၌ ကြားနာစစ်ဆေးခဲ့သည့် မှတ်တမ်းပုံ။

### တာဝန်ယူမှုရှိရမည့် ဒီမိုကရေစီကျင့်စဉ်

အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းအား စစ်ဆေးမေးမြန်းရန် တရားရုံးတော်ကဆင့်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်များက မစ္စတာဆင်းဘက်မှ ထောက်ခံမှုကို ပြသသည့်အနေဖြင့် ၎င်း၏နေအိမ်ရှိရာသို့ မတ် ၁၂ ရက်တွင် စုပေါင်းလမ်းလျှောက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည့် သတင်းမှာလည်း ထူးခြားသတင်းပုံရိပ်တစ်ခုအဖြစ် တွေ့မြင်ရသည်။

ကွန်ဂရက်ပါတီ၏သမ္မာရင့်ဥက္ကဋ္ဌကြီး ဆိုနီယာဂန္ဒီနှင့် မစ္စတာဆင်း လက်အောက်တွင် တာဝန်ထမ်းရွက်ခဲ့ကြသော ဝန်ကြီးဟောင်းများသည် နယူးဒေလီမြို့လယ်ကို ဖြတ်သန်းကာ မစ္စတာဆင်း၏နေအိမ်ရှိရာသို့ စုဝေးချီတက်ခဲ့ကြသည်။

ကုမ္ပဏီကြွယ်သူဌေးကြီးတစ်ဦးအား ကျောက်မီးသွေးတွင်း တစ်တွင်းကို တူးဖော်လုပ်ကိုင်ခွင့်ပေးခဲ့မှုတွင် မစ္စတာဆင်း၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းနိုင်ရေးအတွက် ဧပြီ ၈ ရက်တွင် တရားရုံးတော်သို့ လာရောက်ရန် တရားသူကြီးတစ်ဦးက အမိန့်ထုတ်ဆင့်ခဲ့သည်။

နိုင်ငံရေးရာထူးများတွင် တာဝန်ယူခဲ့သူများအနေဖြင့် မိမိအာဏာရရှိချိန်အတွင်း ထမ်းဆောင်ခဲ့သည့်လုပ်ရပ်များအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည့် ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ကို ဖော်ကျူးသည့်သတင်းဖြစ်စဉ်ဟု ဆိုနိုင်ပါသည်။

### ရက်စက်ကြမ်းကြုတ်လှသော လူသတ်ပွဲကြီး

တစ်ညတည်းမှာပင် လူသိန်းချီသေဆုံးခဲ့ရသော ဗုံးကြဲတိုက်ခိုက်ခံရမှုနှစ် (၇၀) ပြည့် မြောက်သည့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် မတ် ၁၀ ရက်က ကျင်းပခဲ့သည့်သတင်းမှာ စစ်၏



ဆိုနီယာဂန္ဒီ ဦးဆောင်၍ ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း၏ နေအိမ်တည်ရှိရာသို့ စုဝေးချီတက်ကြစဉ်။

အနိဋ္ဌာရုံကိုညွှန်းဆိုရင်း သမိုင်းသင်ခန်းစာပေးသည့် သတင်းတစ်ပုဒ်ဖြစ်သည်။

မြို့တော် တိုကျိုမြို့လယ်ရှိ ဘုရားကျောင်းတစ်ကျောင်း၌ကျင်းပသည့် အခမ်းအနားသို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တက်ရောက်ခဲ့ပြီး မိန့်ခွန်းခြွေရာတွင်-"စစ်ရဲ့ ရက်စက်ကြမ်းကြုတ်မှု စိတ်ဒဏ်ရာဟာ ကျွန်တော်တို့ရဲ့နှလုံးသားမှာ တနုံ့နုံ့ ခံစားနေကြရဆဲပါ။အမေရိကန်ဟာ စစ်ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တယ်" ဟူ၍ ပြောကြားသည်။

၁၉၄၅ ခုနှစ် မတ် ၁၀ ရက်က မြို့တော်တိုကျိုနှင့် အခြားမြို့ကြီး ၆၀ ကျော်တို့ကို အမေရိကန် ဘီ-၂၉ ဗုံးကြဲလေယာဉ်များက 'နပမ်းဗုံး' (Napalm) (ခေါ်) မီးလောင်ဗုံးများကြဲချခဲ့ရာ တစ်ညတာ ကာလအတွင်းမှာပင် လူပေါင်း ၁၀၅၄၀၀ အထိ သေဆုံးခဲ့ရသည်။

'နပမ်းဗုံး'မှာ ထိုစဉ်က တီထွင်ပြီးခါစ ဗုံးအမျိုးအစားသစ်ဖြစ်ပြီး အမေရိကန်ဗုံးကြဲလေယာဉ်များက ဗုံးပဒေသာအဖြစ် အတွဲလိုက်ကြဲချကာ လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။ ဗုံးကြဲခံခဲ့ရသည့် အရပ်ဒေသများမှာ အရပ်သူအရပ်သားများ နေထိုင်ရာဖြစ်ပြီး အချို့နေရာများမှာ တစ်စတုရန်းမိုင်လျှင် လူဦးရေ တစ်သိန်းကျော်အထိ ရှိနေခဲ့သည်။ ထိုစဉ်က ပြည်သူတို့၏နေအိမ်များမှာ သစ်နှင့်စက္ကူတို့ဖြင့်တည်ဆောက်သည့် ရိုးရာနေအိမ်များဖြစ်ကြပြီး အမေရိကန်တပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်လှသော လူသတ်ပွဲကြီးအဖြစ် သမိုင်းတွင်ရစ်လေပြီ။

## ဥရောပဒေသ

### ဆီမီးတန်ဆောင်၊ ဝင်းပြောင်ပေလျက်၊ လေဆိုးဖျက်

ယခုရက်သတ္တပတ်အတွင်း ပြင်သစ် အားကစားလောကတစ်ခုလုံး ယူကျုံးမရ အပူလုံးကြွခဲ့ရသည့် သတင်းဖြစ်စဉ်မှာ ပြင်သစ်လူမျိုးအားကစားသမား အကျော်အမော်များ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသည့်ဖြစ်ရပ်ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဝေးလံသီခေါင်သော ဒေသ



ရဟတ်ယာဉ်ပျက်ကျခဲ့သည့်နေရာ၌ ရဲအရာရှိတစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်။

တစ်နေရာတွင် မတ် ၉ ရက်က ရုပ်ရှင်ရိုက်ကူးရေး အစီအစဉ်တစ်ရပ်အရ လိုက်ပါလာကြသော ပြင်သစ်လူမျိုး ရှစ်ဦးနှင့် အာဂျင်တီးနား ရဟတ်ယာဉ်မှူး နှစ်ဦးတို့ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ကြရသည်။

မြို့တော် ဗျူနိုအေရီ အနောက်မြောက်ဘက် မိုင် ၇၃၀ ခန့်အကွာ ရီအိုဂျာပြည်နယ် ဗီလာကာစတယ်လီအင်လာမြို့အနီးတွင် ဝေဟင်အတွင်း ရဟတ်ယာဉ်နှစ်စင်းတိုက်မိကာ ပေါက်ကွဲပျက်ကျခဲ့သည်။ သေဆုံးခဲ့ရသူများတွင် အိုလံပစ်ရွှေတံဆိပ်ဆုရှင် ရေကူးချန်ပီယံ ကာမီလီမွတ်ဖက်၊ အိုလံပစ် လက်ဝှေ့ကျော် ဗက်စတိုင်းနှင့် အတ္တလန္တိတ်သမုဒ္ဒရာ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သူ ဖလောရင့်အာသရောက်တို့ပါဝင်ကြသည်။

ကံထမ်းလာသည်ကို မမြင်ရ၊ လှံထမ်းလာသည်ကိုသာ မြင်ရသည့် လောကတံထွာ ဓမ္မတာ တစ်ရပ်ကို သံဝေဂပွားကြရပြီး ဆီမီးတန်ဆောင်၊ ဝင်းပြောင်ပေလျက်၊ လေဆိုးဖျက်သည်ဆိုသော ဆိုရိုးစကားကို နှလုံးပိုက်ကြရပါသည်။

## အရှေ့အလယ်ပိုင်းဒေသ

### တွင်းတူးမိုက်သည့် အကြမ်းဖက်အဖွဲ့

ISIS စစ်သွေးကြွအဖွဲ့၏ ဝါဒဖြန့်မီဒီယာအဖွဲ့က နောက်ဆုံးထုတ်ပြန်လိုက်သော ဗီဒီယိုခွေ တစ်ခွေတွင် အသက် ၁၂ နှစ်ခန့်မျှသာရှိသေးသော ကလေးတစ်ဦးက 'အစ္စရေးသူလျှို'အဖြစ် စွပ်စွဲခံရသူ တစ်ဦးကို သေနတ်ဖြင့် ပစ်သတ်နေပုံကိုဖော်ပြထားပြီး ကမ္ဘာ့သတင်းပရိသတ်တို့ ရင်ဆို့စရာသတင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။

ရက်စက်မှုအပေါင်း သရဖူဆောင်းသည့် ISIS စစ်သွေးကြွအဖွဲ့သားများမှာ တွေ့ရာ သချိုင်း၊ ခါးမဆိုင်းဘဲ ကြမ်းချင်တိုင်းကြမ်းနေကြပြီး တွင်းတူးပြီး




အစ္စရေးသူလျှိုအဖြစ် စွပ်စွဲခံရသူအား လူငယ်လေးကသေနတ်ပစ်ခတ်၍အဆုံးစီရင်ရန် ပြင်ဆင်နေစဉ်။

မိုက်တဲ့လူစားမျိုးအဖြစ် သမိုင်းတွင်ရစ်ပေဦးမည်။

ပစ်သတ်ခံရသူမှာ အသက် ၁၉ နှစ်အရွယ်ရှိ အစ္စရေး-အာရပ် တစ်ဦးဖြစ်ပြီး ၎င်း၏ ဦးခေါင်းကို ကလေးငယ်က သေနတ်ဖြင့်ပစ်သတ်ပုံကို ဗီဒီယိုရိုက်ကူးထားသည်။

အပြစ်ကင်းစင်သည့် အရွယ်တွင်ရှိနေဆဲ ကလေးငယ်ကိုပင်မချန် ဝါဒဖြန့်ရန်အသုံးချသည့် ISIS အဖွဲ့က ယင်းကလေးကို "ခြင်္သေ့သားပေါက်" ဟု တင်စားခေါ်ဝေါ်ခဲ့သည်။

"ဆယ်ကျော်သက်ရွယ် ကျွန်တော့်ရဲ့သားကို သူတို့က မိန်းကလေးတွေနဲ့ နေရမယ်၊ ငွေတွေပေးမယ်၊ ကားပေးမယ်၊ အိမ်ပေးမယ်၊ ဇိမ်နဲ့နေရမယ်ဆိုပြီး စည်းရုံးသိမ်းသွင်းခဲ့တယ်။ သူတို့ လိမ်ညာနေမှန်း ကျွန်တော့်သားရိပ်မိသွားတဲ့အခါ အိမ်ပြန်ဖို့ကြိုးစားခဲ့ချိန်မှာ သားလေး ပြန်အဖမ်းခံရပြီး ကွပ်မျက်ခံရတာပါ" ဟူ၍ အသတ်ခံရသူ မိုဟာမက် ဆာအိ အစ္စမေးလ် မူဆာလမ်၏ဖခင်ဖြစ်သူက ဂျေရုဆလင်မြို့တွင် စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားခဲ့သည်။ အစ္စရေးအာဏာပိုင်များကလည်း ၎င်းသည် သူလျှိုမဟုတ်ဟုအတည်ပြုပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာသတင်းတစ်ပုဒ်မှာ နိုင်ဂျီးရီးယား အခြေစိုက် ဘိုကိုဟာရမ်အဖွဲ့က ISIS စစ်သွေးကြွအဖွဲ့ကို သစ္စာခံသည်ဟု ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ISIS အဖွဲ့နှင့် ဘိုကိုဟာရမ်အဖွဲ့တို့ ပူးပေါင်းဖွယ်ရာရှိနေခြင်းအတွက် ကမ္ဘာ့နိုင်ငံများက စိတ်မချမ်းမမြေ့ဖြစ်ကြရသည်။

ကမ္ဘာပေါ်တွင် အရက်စက်အကြမ်းကြုတ်ဆုံးစစ်သွေးကြွအဖွဲ့ နှစ်ဖွဲ့ ပေါင်းမိခြင်းဖြင့် နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ အရှိန်အဟုန်မြင့်တက်လာဦးမည်ဟု ရှုမြင်ရသည်။

စစ်သွေးကြွများကို အင်အားသုံးနှိမ်နင်းနိုင်ရေးအတွက် အမေရိကန်သမ္မတ ဘာရက် အိုဘားမားက ကွန်ဂရက်လွှတ်တော်ကို တိုက်တွန်းခဲ့ပြီး သမ္မတ၏တောင်းဆိုချက်ကို ပါတီနိုင်ငံရေး ထည့်မတွက်ဘဲ လွှတ်တော်က အတည်ပြုပေးပါရန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အထက်လွှတ်တော် (ဆီးနိတ်)တွင် မတ် ၁၁ ရက်က တင်ပြခဲ့သည်။

မီးခိုးမဆုံး မိုးမဆုံး အကြမ်းဖက်သမား ငမိုက်သားတို့၏ ဇာတ်လမ်းများကို ကမ္ဘာ့သတင်း ဇာတ်ခုံပေါ်တွင် ဆက်လက်ရှုစား နားဆင်နေကြရဦးမည်ဟု ထင်မြင်ယူဆရပါသည်။ ကမ္ဘာ့အကြမ်းဖက်မှုပြဿနာသည် ကမ္ဘာ့နိုင်ငံများအတွက် မြွေပွေးခါးပိုက်ပိုက်ရဘိသကဲ့သို့ အချိန်မရွေး အန္တရာယ်ပြုနိုင်သည့် ပြဿနာဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

ပြည်တွင်းရေးရာ

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်

**နေပြည်တော် မတ် ၁၄**

၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများအား ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ လေ့ကျင့်ရေး အားကစားရုံအသီးသီးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၆ နာရီတွင် နေပြည်တော် လေ့ကျင့်ရေး အားကစားကွင်း(၁)နှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ နေပြည်တော် (Gold Camp) အားကစားလေ့ကျင့်ရေးစခန်း၌ အားကစားသမားများအား နံနက်စာကျွေးမွေးမှု၊ ချက်ပြုတ်ရာတွင် သန့်ရှင်းမှု ရှိ/မရှိ ကိုလည်းကောင်း၊ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း Social Zone ရှိ Fitness Center ၌ မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် မြန်မာနိုင်ငံတွင် ပူးတွဲလာရောက်လေ့ကျင့်လျက်ရှိသော ကမ္ဘောဒီးယား ခြင်းလုံးအသင်းတို့ ခေတ်မီစက်ကိရိယာများနှင့် လေ့ကျင့်နေမှုအားလည်းကောင်း၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းအနီး၌ တည်ဆောက်လျက်ရှိသော အားကစား တက္ကသိုလ် တည်ဆောက်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းရှိ Multi Purpose ၌ အားကစားနည်းအလိုက် တာဝန်ခံနည်းပြများနှင့် တွေ့ဆုံ၍ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အတွက် လူရွေးချယ်မှုနှင့်အားကစားနည်းအလိုက် CoachAssociations များ ဖွဲ့စည်း၍ ထားရှိရမည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**(မောင်မောင်ဇော်)**

# သကြၤန်နှင့်ဂီတ . . . ပတ်သက်သမျှ

**မျိုးဝင်းထွန်း(မုံရွာ)**

## ဂီတစာဆို ချင်းတွင်းကျော်စွာလှိုင်နှင့် တွေ့ဆုံခြင်း

သကြၤန်နားနီး၍ သကြၤန်သတင်းများ၊ သကြၤန်အသံများ ကြားနေရပြီဖြစ်သည်။ မန္တလေးသကြၤန်ဗဟိုစင်မြင့်ကို တည်ဆောက်လို့နေပြီ။ မုံရွာသကြၤန်အတွက် စုပေါင်းစည်းဝေးတိုင်ပင်မှုတွေ ပြုလုပ်နေပြီ စသည် စသည် သကြၤန်လှုပ်ရှားမှုများ စနေပြီဖြစ်သည်။ မုံရွာသကြၤန်လှုပ်ရှားမှုတိုင်းတွင် နှစ်စဉ်အားဖြည့်ပါဝင်နေသူ ဂီတစာဆိုပညာရှင်တစ်ဦးရှိသည်။ သကြၤန်အတွက် မဏ္ဍပ်များကို သီချင်းစပ်ပေး၊ တေးသံဂီတသွင်းကာ အခါတော်ရောက်လျှင် သီချင်းပင် ဝင်ဆိုပေးတတ်သေးသည်။ သကြၤန်ကာလတစ်လျှောက် မုံရွာသကြၤန်မဏ္ဍပ်ပေါ်မှာသာ သူ့ကိုတွေ့ရမည်ဖြစ်သည်။ သူ့နာမည်၏ထိပ်တွင် ဒေသကိုယ်စားပြုကို ရှေ့တန်းတင်မှည့်ထားသူ ဂီတစာဆို ချင်းတွင်းကျော်စွာလှိုင်ပင် ဖြစ်သည်။ သကြၤန်နီးသော ရက်တစ်ရက်၊ အနီးစပ်ဆုံးပြောရလျှင် သကြၤန်တစ်လလောက်အလိုတွင် ဆရာ ချင်းတွင်းကျော်စွာလှိုင်နှင့် တွေ့ဖြစ်၏။ ဆရာ သကြၤန်ရောက်တော့မယ်ဟု ဆိုမိသည်။



ဂီတစာဆို ချင်းတွင်းကျော်စွာလှိုင်

ဆရာလှိုင်က“သကြၤန်ကျတော့မယ်၊ သကြၤန်နားနီးရင် ထီရောင်းတဲ့ကားတွေ၊ လှည်းတွေဆီက သကြၤန်တေးတွေ ကြားနေရတယ်။ တေးသံစဉ်တွေက နားဝမှာလာပြီး ကလိတော့ ယားကျိယားကျိနဲ့ မခံချိမခံသာဖြစ်လို့မို့ သကြၤန်နဲ့ပတ်သက်တာ၊ ဂီတနဲ့ပတ်သက်လို့ သိသင့်တယ် ထင်တဲ့ ဟာတွေကို ပြောချင်နေတယ်”ဟု ဆိုလာသည်။ ပြောချင်သည်ဆိုတော့ ဘာများပါလိမ့်။ သကြၤန်နှင့် ပတ်သက်သည်ဆိုတော့ စိတ်ဝင်စားသွားသည်။ စိတ်ဝင်စား၍ မေးဖြစ်သည်။

**မျိုး။ ။သကြၤန်နဲ့ဂီတ ပတ်သက်ပြီး ဆရာလှိုင်က ဘာပြောချင်တာလဲဗျ။**

ဆရာလှိုင်။ ။ဟိုတုန်းက ဆရာမြို့မငြိမ်း တီထွင်ခဲ့တဲ့ တူးပို့ . . တူးပို့ ဒိုးဆစ်သံလေးဟာ သကြၤန်ကျရင် ရင်ထဲလှိုက်ဖိုပြီး ကြည်နူးနေခဲ့ရတယ်။ သကြၤန်ရဲ့အငွေ့အသက်လေးတွေကို အားပါးတရခံစားနေရတယ်။ အခုတော့ တူးပို့ . . တူးပို့နေရာတွေမှာ အနောက်တိုင်းရဲ့ Pop-Hip Hop-Tiniming တွေ နေရာယူနေကြပြီ။ ဒုံးချပ် ဒုံးချပ်တွေ ဝင်လာပြီ။ ဒါဟာတိုးတက်တာလား၊ ခေတ်မီတာလား တွေးကြည့်ဖို့လိုပါလိမ့်မယ်။ “သကြၤန်နှစ်ဦး တူးပို့ တူးပို့ မြူးလို့တေးသံသာ . . ငွေငန်းမောင်တွေ တူးပို့ . . . တူးပို့ မာပါစေနော်ဗျာ” ဆိုတဲ့ တူးပို့ ဒိုးဆစ်ကလေးနဲ့ ဘယ်လောက်လိုက်ဖက်ညီသလဲ။ ခံစားကြည့်စမ်းပါ။ မြန်မာ့ရိုးရာ အတာသကြၤန်ဟာ မြန်မာသံစဉ်နဲ့ပဲ လိုက်ဖက်ညီပါတယ်။ နေရာတကာမှာ ဒုံးချပ်တွေ လွှမ်းနေပြီလို့ ပြောချင်ပါတယ်။

**မျိုး။ ။သကြၤန်ရောက်ရင် မန္တလေးနဲ့သကြၤန်၊ သကြၤန်နဲ့မန္တလေး ခွဲမရပါဘူး။ မန္တလေးသကြၤန်အပေါ် ခံစားရမှုလေး ပြောပေးပါဦး ဆရာ။**

ဆရာလှိုင်။ ။မြန်မာ့ရာဇဝင်မှာ ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနဲ့စံမြန်းခဲ့တဲ့ ရတနာပုံ မန္တလေးကို ပြောရမယ်ဆိုရင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ ပစ္စင်၊ ပြအိုး၊ မြို့ရိုးနန်းပြာသာဒ်တွေရှေ့မှာ သကြၤန်မဏ္ဍပ်ကြီးတွေ အခိုင်အမာတည်ဆောက်၊ သကြၤန်ကို ဖော်ညွှန်းတဲ့ နောက်ခံပန်းချီကားတွေနေရာမှာ ကုမ္ပဏီကြော်ငြာတွေကပြူးတူးပြဲတဲ့နဲ့ နိုင်ငံကျော်အနုပညာအဆိုရှင်သရုပ်ဆောင်တွေက Hip Hop ဒုံးချပ်တွေနဲ့၊ မဖွယ်မရာကိုးရိုးကားရား၊ ဝတ်စားထားတာက ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို လှစ်ပြနေကြတာ မြန်မာမျက်စိနဲ့ကြည့်ရင် တင့်တယ်ပါ့မလား စဉ်းစားစရာပါ။ “ပစ္စင်ပြအိုး၊ မြို့ရိုးကျုံးပတ်လည် . . မှတ်သားစရာတံခါးဆယ့်နှစ်ရပ် . . လေးဆယ့်ရှစ်ပြာသာဒ်ရံသည် . . ရွှေဘုံရွှေနန်းတို့ကြငှာန်းစံသည် . . ”ဆိုတဲ့သီချင်းလို မြန်မာ ဘုရင်တို့ရဲ့နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်က အထွတ်အမြတ်ထားရာနန်းမြို့ရိုးရှေ့မှ မဖွယ်မရာတွေ့မြင်နေရပြီ။ အနာဂတ်မြန်မာပြည်အတွက် ရင်လေးစရာတွေပါ။

**မျိုး။ ။အဲဒီပြောင်းလဲမှုတွေ၊ ရင်လေးစရာတွေဟာ ဘယ်သူ့ကြောင့်လို့ လက်ညှိုးထိုးရမှာလား။ ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာကိုပဲ ညှိကြနှိုင်းကြ၊ အကောင်အထည်ဖော်ကြရင်ကောင်းမှာလားဆိုတာဆွေးနွေးပေးပါဦးဆရာ။**

ဆရာလှိုင်။ ။ခေတ်အမြင်မှာ အသစ်မထွင်နိုင်သေးတဲ့ ဂီတစာဆိုတွေကို အပြစ်တင်ရမလား။ ခေတ်စနစ်က လွှမ်းမိုးသွားလို့ငုပ်လျှိုးနေတဲ့ အနုပညာရှင်တွေကို သနားရမှာလား။ ခက်တော့ခက်ပါတယ်။ ဒီဘက်ခေတ်မှာ အနုပညာရှင်တွေဟာ ဝမ်းဟာနေတဲ့ အစာအိမ်အတွက် ထက်မြက်တဲ့အနုပညာတွေအရည်ပျော်ခဲ့ရပြီလားလို့ မေးရမလိုဖြစ်နေပြီ။ မှန်ပါ့ဘုရား မှန်ပါ့ဘုရား ဆိုတဲ့ လက်ညှိုးထောင်ခေါင်းညိတ်ခဲ့တဲ့ပဒေသရာဇ်ခေတ်ရဲ့အငွေ့ အသက်တွေ မလွင့်ပျယ်သေးဘူးလား။ ထားခဲ့ပါတော့။ နေရစ်ခဲ့တော့ ခေတ်ဟောင်းရယ်လို့ ရေရွတ်ရတော့မှာလား။ လွတ်လပ်ခဲ့ပြီ။ ငြိမ်းချမ်းရေးဦးတည်နေပြီ။ ဒီမိုကရေစီခေတ်ဆီ ဦးတည်နေတဲ့ကာလ မြန်မာ့ယဉ်ကျေးမှုအတွက် ရည်စူးပြီး ဆိုကရေတီး ပြိုင်ပွဲတွေ ကျင်းပခဲ့တာ အကြိမ် (၂၀) ကျော်ခဲ့ပြီ။ ဘယ်မှာလဲ မြန်မာ့ရိုးရာ၊ ဘယ်မှာလဲ အနုပညာ။ ဒါတွေကို အဖြေရှာရတော့မှာပါ။ ဆိုင်းဝိုင်းကြီးတွေကြားမှာ အနောက်တိုင်းကိရိယာတွေဝင်လာပြီး ဒြော်ဂင်တွေပါလာပြီ။ စိန်ဗေဒါကြီးရဲ့ တီးလုံးတွေ ဘယ်ရောက်နေပြီလဲ။ ဦးဟန်ပရဲ့ တေးလက်သံတွေ ဘယ်ရောက်နေပြီလဲ။ စိန်ဗိုလ်တင့်ရဲ့ အနုပညာလက်ရာတွေ သူနဲ့အတူ အုတ်ဂူထဲမှာ မြှုပ်နှံခဲ့ကြပြီလား။ တစ်ခုတော့ ကျန်ကောင်းကျန်ရာကျန်ရှိနေပါသေးတယ်။ သတင်းမကြေညာခင် ဦးစိန်ဘမောင်ရဲ့ “မှောင်နောင့် . . မှောင်နောင်” က ကြားနေဆဲပါ။ ကျိုးတိုးကျဲတဲမြန်မာသံစဉ်တွေကြားမှာ ငှက်ဖျားတက်သလို တုန်ခိုက်ခိုက်နဲ့ မြန်မာသံစဉ်စာသားမပီမသနဲ့ သီဆိုနေကြတဲ့ ခေတ်ပေါ်တေးသံရှင်တွေကြားမှာ မြန်မာ့ရိုးရာဟာ တိမ်ကောပျောက်ကွယ်သွားမှာ စိုးရိမ်နေရပါတယ်။ ဒီဃရသနဲ့ပီသလှတဲ့ မြန်မာ့ဝေါဟာရမှာ ဝစ္စပေါက်တွေ ကျလို့ကျ။ တနဲ့သနဲ့ မကွဲလို့မကွဲ၊ ဝဲနေတဲ့အောက်ကလိအာတွေအတွက် ရင်လေးစရာတွေပါ။

**မျိုး။ ။မြန်မာ့ဂီတအစနဲ့ ကမ္ဘာ့ဂီတကို နှိုင်းယှဉ်ကြည့်ရင် ဘယ်လိုဖြစ်လာမလဲဆရာ။**

ဆရာလှိုင်။ ။မြန်မာ့ဂီတရဲ့ အစကနဦး ပဝေသဏီက ကမ္ဘာ့ဂီတနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ထံတျာသီတာ၊ သာယာဝေဘာ-အခြေခံကြိုးသီချင်းလေးပုဒ်ကို အင်းဝခေတ်မှာဝန်ကြီးပဒေသရာဇာရေးခဲ့တာနော်။ ပြီးတော့မှ တွေတလာ-ဗောဓိရွက်သံကြိုးကို ကုန်းဘောင်မင်းလက်ထက် သက္ကရာဇ် ၁၁၃၂ ခုနှစ် စိုးစံခဲ့တဲ့ ဆင်ဖြူရှင် မင်းတရားကြီးလက်ထက်မှာ မြောက်ဘက်တိုက်ဝန်မင်း နေမျိုးမဟာကျော်ထင်လက်ဝဲနော်ရထာက ဆက်လက်ရေးသားခဲ့တာ။ မြန်မာဂီတမှာ ဂန္ထဝင်အခြေခံကြိုးသီချင်းကြီး ၁၃ ပုဒ်ရှိတယ်။ အခု ငါးပုဒ်ရှိပြီ။ အဲဒီနောက်မှာဘုံဆောင်မြင့်ဇေယျာမြို့၊ စိမ်းလဲ့လဲ့ညိုပြာ၊ စံရာတောင်ကျွန်း၊ ပြည်ကြီးဧရာ အဲဒီငါးပုဒ်ကို ဘကြီးတော်မင်းတရားကြီးလက်ထက်မှာ မြဝတီမင်းကြီးဦးစက ဆက်လက်သီကုံးခဲ့တယ်လို့ မှတ်သားခဲ့ရတယ်။ အဲဒီတော့ကြိုးသီချင်း ၁၀ ပုဒ်ရှိပြီ။ မြို့နန်းငယ်လေး၊ ကိုးပါးပေါင်းစု၊ ရွှေဘုန်းဆိုတဲ့ သီချင်းတွေကိုတော့ ရေးသားတဲ့သူ မှတ်တမ်းမှာ မတွေ့ရဘူး။ သိတဲ့သူတွေရှိရင်တော့ ဖော်ထုတ်ပေးကြပါလို့ အကြံပြုချင်ပါတယ်။ မြန်မာ့ဂီတနဲ့ အနောက်တိုင်းဂီတရဲ့စံကို ချိန်ထိုးကြည့်ရရင် သက္ကရာဇ် ၁၆၀၀ ခုနှစ်မတိုင်ခင်က စစ်ချီဘုရားတိုင် ကျေးစေရတုတွေကို ပြည်နဝဒေးကြီးနဲ့ နတ်သျှင်နောင်တို့ ရေးဖွဲ့ခဲ့ကြတယ်။ အဲဒီအချိန်မှာ အနောက်နိုင်ငံကြီးတွေက ဂီတတစ်ခေတ်ကို သမိုင်းမတင်နိုင်သေးပါဘူး။ ခရစ်သက္ကရာဇ် ၁၇၁၀ ခုနှစ်ဝန်းကျင်လောက်မှာ ဝန်ကြီးပဒေသရာဇာ (၁၆၈၃-၁၇၅၄) မှာ အခြေခံကြိုးသီချင်းငါးပုဒ်၊ ထန်းတက်သမားတျာချင်း၊ ပိန်းကောလှေငယ်ရှင်တျာချင်းတွေ ရေးသားနေချိန်မှာ ဂျာမနီပြည်က ဂီတပညာရှင် ဘာ့(ခ်)က (BACH's My King) (ဘုရားသခင်သည်ကျွန်ုပ်၏ အရှင်သခင်) ဆိုတဲ့ တေးသွားကို ရေးသားခဲ့တယ်။

နောက်ပြီး ၁၇၈၀ ခုနစ်ဝန်းကျင် လက်ဝဲသုန္ဒရအမတ်ကြီး မင်းမျက်သင့်လို့ မဲဇာတောင်ခြေပို့ခံရတုန်း ရေးသားခဲ့တဲ့ မျက်ဖြေရတု(မဲဇာတောင်ခြေ)ကို သီကုံးနေချိန်မှာ ဂျာမနီဂီတပညာရှင် (MOZART) (1756-1791)က (MAGIC FLUTE -မှော်ပုလွေ) အော်ပရာဇာတ်ဝင်တေးကိုရေးနေတုန်းပါ။ ၁၉ ရာစုအစ ၁၈၀၀ ပြည့်နှစ်လောက်မှာ မြန်မာဂီတတန်ဆောင် မြဝတီမင်းကြီးဦးစက “သာဆန်းရဂုံဘွေ”ပတ်ပျိုးကြီးရေးနေချိန်မှာ ကမ္ဘာကျော်ဂီတပညာရှင် (LUDWING VON BEETHOVEN) (1770-1827) ဗီသိုဗင်က နပိုလီယံ ဧကရာဇ်စစ်ချီတက်ပုံ ဂုဏ်ပြုတေးကြီးကို ရေးစပ်ခဲ့တယ်။ ပြီးတော့ ဘကြီးတော်မင်းတရားကြီးလက်ထက်မှာ အနောက်နန်းမတော်မမြလေးက “ချစ်သမျှကို”ပတ်ပျိုးကြီးရေးသားနေချိန်မှာ (၁၈၄၀) ပိုလန်ပြည်သား စန္ဒရားပညာရှင် ရှိုပင် (1810-1849) က (ညဥ့်ငယ်တေးများ)အမည်ရှိတဲ့ တေးသွားကိုရေးသားခဲ့တယ်။ ၁၈၅၀ ခုနှစ် ဟန်ဂေရီပြည်သား (FRANZ LISZI) (1811-1886) က ဟန်ဂေရီယန်အချစ်တေးဘွဲ့ သီချင်း တီးကွက်တွေဖန်တီးနေချိန်မှာ ပြင်စည်မင်းသားကြီး ကဂန္ထဝင်သီချင်းကြီးဖြစ်တဲ့ ပန်းမြိုင်လယ်ယိုးဒယားတေးကြီးကို ရေးဖွဲ့ခဲ့တယ်။ ဆက်ပြီးပြောရရင် ၁၈၇၀ ခုနှစ် ကုန်းဘောင်ခေတ်မှာ ကနောင်မင်းရဲ့ ကြင်ယာတော် လှိုင်ထိပ်ခေါင်တင်က စိန်ခြူးကြာညောင်၊ နာဂဆဒ္ဒန်၊ ဘောလယ်တွေရေးစပ်နေချိန်မှာ ရုရှားက ဂီတပညာရှင် ချိုင်ကော့စကီးက “ငန်းတို့ပျော်ရာ ရေကန်သာ” ဘဲလေး အကတီးလုံးတွေ ဖန်တီးတီထွင်ခဲ့တယ်။ နောက်ဆုံး ၁၈၈၇ ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်းမှာ နှစ်နှစ်လောက်ကြာတော့ ဆရာကြီးဦးဖူးညိုက “သီဟာနန်းဘုံမြင့်မှာလ” တေးဘွဲ့ရေးစပ်နေချိန်မှာ ဗီယင်နာမြို့က ဂီတပညာရှင် JOHANNES BRAHMS (1833-1897) က ဆိုနာတာ အမှတ်-၃ တေးဘွဲ့ကို ရေးဖွဲ့သီကုံးနေပါတယ်။ နောက် ၁၉၀၀ ပြည့်နှစ်မှာ စင်တော်ကိုင်ဆရာညဏ်က “ပြည်ကုန်းဘောင်” သီချင်းရေးစပ်နေချိန်မှာ ပြင်သစ်ပြည်သား CLAUDE DEHUSSY (1862-1918)က The Sea (ပင်လယ်)လို့ အမည်ရတဲ့ တေးဘွဲ့ကြီးကို သီကုံးသလို ၁၉၁၄ ခုနှစ် ဒို့မြန်မာရဲ့ ဂီတပညာရှင်ကြီး ဦးပြုံးချိုက “တေးဘုမ္မာ” နိဗ္ဗာနဘွဲ့သီချင်းကြီး၊ ဒေါ်စောမြအေးကြည်က “မိုးဒေဝါ” သီချင်းကြီး ရေးသားသီဖွဲ့နေချိန်မှာ ရုရှားလူမျိုး အမေရိကန်နိုင်ငံသား IGOR-STRAVINSKY (1882-1915) က နွေရာသီဓလေ့တေးဘွဲ့ကို ရေးသီခဲ့တယ်။ တစ်ခေတ်တစ်ခါက လေဘာတီမြရင် ခေတ်ကောင်းစဉ်က တေးပြုဆရာကြီး နန်းတော်ရှေ့ဆရာတင်ရဲ့ မြတ်ဗုဒ္ဓကိုပူဇော်ရေးသားတဲ့ “အံ့တော်ကြိုး” ရေးသားသီကုံးနေချိန်မှာ အမေရိကန်က ပေါ့ဂီတဆရာ GEORGE GERSH WIN (1898-1937)က “အပြာရောင်တေးအလှ”ဆိုတဲ့ အတီးသက်သက်ကို ရေးဖွဲ့ခဲ့ပါတယ်။

**မျိုး။ ။ဟုတ်ကဲ့ဆရာ။ အနောက်တိုင်းဂီတနဲ့မြန်မာဂီတကို ချိန်ထိုးပြောပြပေးတာ အတော်စုံလင်လှပါတယ်ဗျ။ အခုခေတ်အလျှောက်သွားနေတဲ့ လူငယ်မျိုးဆက်သစ်တွေကို ဆရာ့အနေနဲ့ ဘာများပြောချင်ပါသလဲဆရာ။**

ဆရာလှိုင်။ ။အဓိကကတော့ အနောက်တိုင်းဂီတကိုအထင်ကြီးလွန်းပြီး တို့ရဲ့အမျိုးသား ရိုးရာဂီတတွေပျောက်ကွယ်သွားမှာကိုတော့ စိုးရိမ်မိပါတယ်။ သူတို့နိုင်ငံတွေရဲ့ ဂန္ထဝင်တေးသွားကြီးတွေကို အခုထက်ထိဆက်လက်ထိန်းသိမ်းနေကြဆဲ၊ တင်ပြနေကြဆဲပါ။ ဂလုံးဂလပ်၊ ဒုံးချပ်ချပ်တွေ မဖုံးလွှမ်းဖို့ အားလုံးမှာတာဝန်ရှိနေပါပြီ။ ဂီတချာရင် လူမျိုးချာမယ်၊ ဂီတပျောက်ရင် လူမျိုးပျောက်မှာ စိုးရိမ်မိပါတယ်။ မြန်မာပြည်သည် တို့ပြည် . . . မြန်မာစကားသည် တို့စကား . . မြန်မာ့ဂီတသည် တို့ဂီတ . . . တို့ပြည်ကို တို့ချစ်ပါ . . တို့ပြည်ကို တို့ကာကွယ်ပါ . . တို့စာပေ . . တို့ဂီတကို လက်ဆင့်ကမ်းထိန်းသိမ်းပေးကြပါလို့ ပြောချင်ပါတယ်။ ။




## လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်


**နေပြည်တော် မတ် ၁၄**

လောက်ကိုင်ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်မြို့ အနောက်တောင်ဘက် တစ်ဝိုက်၌ ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါတိုက်ပွဲတွင် ကိုးကန့်သောင်းကျန်းသူများထံမှ MNDAA ယူနီဖောင်းဝတ်အလောင်း နှစ်လောင်း၊ ပစ္စတိုနှစ်လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်သည့် နေရာများအား တပ်မတော်စစ်ကြောင်းများနှင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရွှေစင်မြို့သစ်ရှိ အဆောက်အအုံအတွင်းမှ MNDAA ဘက်တံဆိပ်ပါ စစ်စိမ်းရောင်ယူနီဖောင်း တစ်စုံ၊ စစ်စိမ်းရောင်အနွေးထည် အရှည်တစ်ထည်၊ စစ်စိမ်းရောင် ယူနီဖောင်း (ဘက်မပါ)လေးစုံ၊ ကြယ်သုံးပွင့်အဆင့်တံဆိပ်ပါ ယူနီဖောင်းအကျႌတစ်ထည်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## လောက်ကိုင်ဒေသတွင် ထိခိုက်ဒဏ်ရာရရှိသူများအတွက် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၁၄**

လောက်ကိုင်ဒေသတွင် ဖြစ်ပွားလျက်ရှိသောစစ်ပွဲများတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သော ပြည်သူများ၊ တပ်မတော်သားများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ရည်ရွယ်ပြီး နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဒေါ်ခင်မိုးမိုး ဦးဆောင်၍ သူနာပြုတပ်ဖွဲ့ဝင်များနှင့် သွေးလှူရှင် ၅၀ တို့က ယနေ့နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိမြို့နယ် အတွင်းရှိ တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀၀) နေပြည်တော်သို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

## RCSS/SSA အဖွဲ့မှ အဖွဲ့ဝင်အချို့ သတ္တုစမ်းသပ်တူးဖော်နေသော ကုမ္ပဏီပိုင်ယာဉ်များနှင့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းဒေသအတွင်း စက်ပိုင်းအင်အားကုမ္ပဏီမှ ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်း စမ်းသပ်လုပ်ကိုင်လျက်ရှိရာ မတ် ၁၂ ရက် ညပိုင်းတွင် RCSS/SSA အဖွဲ့မှ အင်အား ၁၀ ဦးခန့်သည် လက်နက်ငယ်ကိုယ်စီဖြင့် ရောက်ရှိလာခဲ့ပြီး ကုမ္ပဏီလုပ်သား ခုနစ်ဦးအား ဖမ်းဆီးကာ ကုမ္ပဏီပိုင်ရှင်နှင့်တွေ့လိုကြောင်း ပြောကြားခဲ့ရာ လုပ်သားများက ကုမ္ပဏီပိုင်ရှင် မိုင်းယောင်းသို့သွားနေကြောင်း ပြန်လည်ပြောကြားသဖြင့် RCSS/ SSA အဖွဲ့က လုပ်ငန်းခွင်အတွင်းရှိ လုပ်ငန်းသုံးဆီဂါလန်ပုံးများအား ခြေဖြင့်ကန်ကျောက်ပြီး ၎င်းလုပ်သားခုနစ်ဦးတို့အား ကြိုးဖြင့်ချည်နှောင်၍ တစ်ယောက်တစ်နေရာစီခွဲကာ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

ဖမ်းဆီးခံ လုပ်သားများက ကြိုးများဖြေ၍ ထွက်ပြေးကာ မိုင်းယောင်းတပ်နယ် နယ်မြေခံတပ်ရင်းသို့ လာရောက် သတင်းပေးပို့သဖြင့် နယ်မြေခံတပ်မှ အဆိုပါနေရာသို့ လိုက်လံရှင်းလင်းခဲ့ရာ ၎င်းနေရာနှင့်အနီးတစ်ဝိုက်တွင် ကုမ္ပဏီပိုင် ယန္တရားယာဉ်သုံးစီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ တိုရိုတာဟိုင်းလပ်ယာဉ် တစ်စီးနှင့် လူနေတဲနှစ်လုံးတို့အား မီးရှို့ဖျက်ဆီးထားခဲ့ကြောင်း တွေ့ရှိရပြီး ဆုတ်ခွာသွားသော RCSS/SSA အဖွဲ့နောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံပိတ်ဆို့ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## ငါးဖမ်းလှေပေါ်ရောင်းစားခံရသည့် မြန်မာအလုပ်သမားအား MAT မှကယ်တင်

**ဗန်ကောက် မတ် ၁၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ကီလိုမီတာ ၁၈၀ အကွာတွင်ရှိသည့် ချွန်ဘူလီခရိုင်တွင် ရောင်းစားခံရသည့် မြန်မာအလုပ်သမားတစ်ဦးအား မတ် ၁၃ ရက်က အန်ဖေစတာဟစ်ချောင်း စမဲဆာမဲခေါင်လှေဆိပ်လှေနံပါတ် ၈ တွဲလှေ ၉ မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) ထံမှ သိရသည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သော ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) ထံသို့ ငါးဖမ်းလှေပေါ်တွင် နှစ်လနီးပါးရောင်းစားခံရသည့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ထီထွေးကျေးရွာနေ ဦးစောသန့်-ဒေါ်နော်ချယ်ရီတို့၏ သားစောထယ်နေဆဲ အသက် (၂၂ နှစ်) အားကယ်တင်ပေးပါရန် မိခင်ဖြစ်သူ ဒေါ်နော်ချယ်ရီက ဖုန်းဖြင့်ဆက်သွယ်အကူညီတောင်းခံလာခဲ့ခြင်းဖြစ်ပြီး MAT အဖွဲ့ဦးခိုင်ကြီး(အတွင်းရေးမှူး)က ဦးဆောင်ကာ ကိုစိုင်းအေး၊ ကိုခွန်၊ ကိုစောမြတ်ချိုတို့က သွားရောက်ကယ်ထုတ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရောင်းစားခံရသူမြန်မာအလုပ်သမားသည် ဘုရားသုံးဆူမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တရားမဝင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ငါးဖမ်းလှေသို့ အရောင်းစားမခံရမီ ထိုင်းလူမျိုးတစ်ဦး၏အိမ်၌ အလုပ်လုပ်နေခိုက် မြန်မာ(မွန်)ပွဲစားတစ်ဦးက အခြားတစ်နေရာ၌ အလုပ်ကောင်းသည်ဟု ပြောဆိုစည်းရုံးကာ လှေ၌ရောင်းစားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကိုစိုင်းအေး(MAT ဗန်ကောက်ရုံးတာဝန်ခံ)က "ကျွန်တော်တို့က အခုဒီကလေးကို ကယ်ထုတ်လာပြီးပွဲစားကို လူကုန်ကူးမှုနဲ့ တရားစွဲဆိုချင်ပေမယ့် ကလေးက ပွဲစားနာမည်မသိသလို ကျွန်တော်တို့မေးသမျှလည်း ရေလည်အောင်မဖြေကြားနိုင်ဘူးဖြစ်နေတယ်။ နောက်ပြီးကလေးမှာလည်း ဘာအထောက်အထားမှမရှိဘူး။ အဲဒီတော့ မြဝတီက လူကုန်တားကတစ်ဆင့် သူ့မိဘတွေထံပြန်အပ်ပေးဖို့ ဗန်ကောက်မြန်မာသံရုံး သံအမတ်ကြီးကို အကူအညီတောင်းခံထားပါတယ်" ဟု ပြောကြားသည်။

ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် ယမန်နှစ်အတွင်းက လူကုန်ကူးမှုနှိမ်နင်းခြင်း ၁၂ ကြိမ်အတွင်း လူကုန်ကူးခံရသည့် မြန်မာအလုပ်သမားပေါင်း ၁၂၀ တို့အား ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ ယခုကယ်တင်မှု ဖြစ်စဉ်သည်လည်း ၂၀၁၅ ခုနှစ်အတွက် ဒုတိယအကြိမ်မြောက်ကယ်ထုတ်ခြင်း ဖြစ်ကြောင်း MAT အဖွဲ့မှ စာရင်းများအရ သိရသည်။

**(စိုးဝင်း-MLA)**

ပြည်တွင်းရေးရာ

# လယ်ယာသုံးစက်ကိရိယာအစီးရေ ၆၇၀၀ ကျော် မတ် ၂၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိမည်

**နေပြည်တော် မတ် ၁၄**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျစိုက်နည်းစနစ်မှ သိပ္ပံနည်းကျစိုက်နည်းစနစ်သို့ လည်းကောင်း ပြောင်းလဲမှုများရှိလာခဲ့ရာတွင် သမဝါယမဝန်ကြီးဌာနသည်လည်း သမဝါယမငွေကြေးဖြင့် ဈေးကွက်အတွင်းမှ စက်ကိရိယာပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် သမဝါယမငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် လယ်ယာသုံးစက်ကိရိယာ၊ လုပ်ငန်းသုံးစက်ကိရိယာနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာ စုစုပေါင်း စက်ကိရိယာ ၁၆၅၅၇ စီးအထိ ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် Hire Purchase စနစ်ဖြင့် လက်တွန်းထွန်စက်၊ ထွန်စက်၊ အင်ဂျင်၊ ရေစုပ်စက်၊ ထော်လာဂျီ၊ ပေါင်းရိတ်စက်၊ နောက်တွဲယာဉ်၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ ရေလုပ်ငန်းသုံးပစ္စည်းများ စသည်ဖြင့် တန်ဖိုးငွေကျပ် ၃၃၁ ဒသမ ၅၇၆ သန်းအထိ အရစ်ကျငွေချေစနစ်မှ တစ်ဆင့် ကိုယ်ပိုင်ပစ္စည်းများဖြစ်အောင် လုပ်ဆောင်ပေးခဲ့ပြီး မတ် ၂၁ ရက်တွင်လည်း ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီထုတ် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး စက်ကိရိယာအစီးရေ ၆၇၀၀ ကျော် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိကာ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က ပြောကြားသည်။

ထို့ကြောင့် သမဝါယမမှ ဆောင်ရွက်ပေးလျက်ရှိသည့် ချေးငွေလုပ်ငန်းနှင့် လယ်ယာသုံးပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေမှုနှင့်စပ်လျဉ်း၍ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်အား မေးမြန်းရာ



"ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေထဲမှာ သမဝါယမကလည်း ကဏ္ဍတစ်ရပ်အနေနဲ့ပါရှိနေလို့ ချေးငွေနဲ့ပတ်သက်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အများကြီးလုပ်ခဲ့ပါတယ်။ အရင်က ၉၀ ဘီလီယံလောက်သာ လုပ်နိုင်ခဲ့တာကနေ အခုအစိုးရလက်ထက်မှာ ၂၁၈ ဘီလီယံအထိ တိုးချဲ့ပြီး ပြည်သူလူထုချေးငွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးခဲ့တယ်။ လာမယ့်ဧပြီလမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ လောက် ထပ်ပြီး စွမ်းအားမြှင့်လုပ်ဆောင်ပေးဖို့ရှိတယ်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို ချေးငွေပေးပါတယ်။ အဲဒါကလည်း လိုအပ်ချက်အပေါ်မှာ မူတည်ပြီး ပေးတာပါ။ ချေးငွေကိုလည်း လုံခြုံမှုရှိတဲ့နေရာ၊ လမ်းပန်းဆက်သွယ်ရေးကို ထိထိရောက်ရောက်နဲ့ ကွပ်ကဲနိုင်မယ့် နေရာမျိုးတွေမှာ အဓိကထားလုပ်ပါတယ်။ ဒီထက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားဖို့ အစီအစဉ်လည်းရှိပါတယ်။"

"China EXIM Bank ကနေ ချေးငွေသန်း ၃၀၀ ထပ်ယူမယ်။ ပြီးတော့ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုကာ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပြီး လယ်ယာ သုံးစက်ကိရိယာ ၁၀ မျိုးကို သန်း ၁၀၀ ဖိုးလောက် ထပ်မံလုပ်ဆောင်သွားဖို့ရှိပါတယ်။ အခုလည်း လယ်ယာသုံး စက်ကိရိယာနဲ့ ပတ်သက်ပြီး အမျိုးအစား ခုနစ်မျိုး ဖြန့်ဖြူးလျက်ရှိပါတယ်။ လက်ရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကမှာယူတဲ့ အရေအတွက်အလိုက် ဖြန့်ဖြူးပေးနေပါတယ်။ ချောင်းဦး၊ မန္တလေးနဲ့ မွန်တို့မှာဆို သမဝါယမက လူထုဆွေးနွေးပွဲတွေလုပ်ပြီး မှာယူတဲ့ သမဝါယမ အသင်းသားတွေကို ချက်ချင်းရောင်းစနစ်နဲ့ ရောင်းချပေးနေပါတယ်။ နောက်ထပ်လည်း လယ်ယာသုံး စက်ကိရိယာတွေ မတ် ၂၁ ရက်မှာ ရန်ကုန်ဆိပ်ကမ်းကို ရောက်ရှိပါဦးမယ်။ အစီးရေအားဖြင့် ၆၇၂၃ စီးလောက်ရောက်မယ်"ဟု ပြောကြားသည်။

**(နိုင်လင်းကြည်)**

■



# မြန်မာ့သဘာဝအလှတရားများကို မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဖော်ထုတ်မည်

**ရန်ကုန် မတ် ၁၄**

မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးတင်ဆက်မည့် Yangon Run Way ရုပ်ရှင်ဇာတ်ကားကြီးသတင်းစာရှင်းလင်းပွဲကို မတ် ၁၃ ရက်က ဟိုတယ် Esperado ၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

Living Sound Entertainment မှ ထုတ်လုပ်ဖြန့်ချိမည့် ယင်းဇာတ်ကားကို ဂျပန်နိုင်ငံမှ Brazilian Yamada က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဂျောမရန် (Jaw Maran) က ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။ ယင်းဇာတ်လမ်းထဲတွင် ဂျပန်ရုပ်ရှင်မင်းသားကြီး Sonny Chiba၊ Rina Takeba၊ Yuko Sue Ki နှင့် အကယ်ဒမီများရှင် မို့မို့မြင့်အောင်၊မော်ဒယ်သရုပ်ဆောင် အွန်ဆိုင်းတို့က အဓိကပါဝင်သရုပ်ဆောင်ကာ မြန်မာ-ဂျပန် နှစ်နိုင်ငံမှ ဝါရင့်သရုပ်ဆောင်များစွာလည်းပါဝင်သွားမည်ဟု သိရသည်။

ဇာတ်ကားရိုက်ကူးခြင်းအကြောင်းအရာများနှင့်ပတ်သက်၍ ဒါရိုက်တာ Jaw Maran က "အဓိကကတော့ မြန်မာပြည်ရဲ့လှပတဲ့နေရာတွေအားလုံးကို သွားရိုက်ပြီးတော့ မြန်မာရဲ့အလှကို ကမ္ဘာကပိုသိအောင် လုပ်ချင်တာပါ။ နောက်တစ်ခုက မြန်မာပြည်ရဲ့အနုပညာလောကကို နိုင်ငံခြားက အနုပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ရင်းနဲ့ ပညာပေးမြှင့်တင်နိုင်ဖို့ရယ်၊ မြန်မာ့ဇာတ်ကားအနေနဲ့ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ရယ်၊ မြန်မာ-ဂျပန်ယဉ်ကျေးမှုထွန်းကားလာဖို့ရယ် ရည်ရွယ်ပြီး အခက်အခဲများကြားမှ ကြိုးစားရိုက်ကူးဖို့စီစဉ်လိုက်တာပါ" ဟု ပြောသည်။

"မြန်မာပြည်မှာကျင်းပတဲ့ ဖက်ရှင်ရှိုးပွဲတစ်ခုမှာ မြန်မာမော်ဒယ်မိန်းကလေးတစ်ယောက်နဲ့ ဂျပန်မော်ဒယ်မိန်းကလေးတစ်ယောက်တို့ နေရာလုကြတယ်။ ဂျပန်မင်းသမီးကိုမနိုင်စေချင်တဲ့အတွက် သူ့ရဲ့ရည်းစားဖြစ်သူက ဂျပန်မင်းသမီးကို ပြန်ပေးဆွဲတဲ့အခါ သမီးကိုလာကယ်တဲ့ ဖခင်တစ်ယောက်အဖြစ် Sonny Chiba နဲ့ ကိုယ့်သားသမီးကိုတောင် ရောင်းစားရဲခဲ့တဲ့ ဆိုးသွမ်းတဲ့ မိခင်တစ်ယောက် သားသမီးချင်းကိုယ်ချင်းစာတတ်သွားတဲ့အချိန် ကိုယ့်သမီးလေးကို ရင်မဆိုင်ရဲတော့ပဲ ကျောခိုင်းထွက်ခွာသွားခဲ့တဲ့ မိခင်အဖြစ် မို့မို့မြင့်အောင်၊ သူတို့နှစ်ဦးရဲ့ ဖခင်တစ်ယောက်နဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာနှစ်ခုကို နှိုင်းယှဉ်ပြရိုက်ကူးထားကာ အက်ရှင်အခန်းပေါင်းများစွာ ပါဝင်တဲ့ ဒရာမာဇာတ်လမ်းဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဂျောမရန်က ပြောသည်။

ယင်းဇာတ်ကားကို ပထမဆုံးအကြိမ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးခြင်းဖြစ်ပြီး ဧပြီလလယ်လောက်မှစ၍ သိန်း ၆၀၀၀ ခန့် အကုန်အကျခံကာ မြန်မာနိုင်ငံအနှံ့အပြားတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဂျောမရန်က ပြောပြသည်။ **(ခင်ဇာလီ)**

## အားကစား

ငွေကြယ်

### မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရသင့်ကြောင်း မာတာပြောကြား

ပရီမီယာလိဂ်ကလပ်မန်ယူအသင်း၏ စပိန်ကွင်းလယ်ကစားသမား မာတာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်ယူအသင်း ပရီမီယာလိဂ်အမှတ်ပေးဇယား၌ အဆင့်(၄)ဝင်ကာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရသင့်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား မာတာသည် မန်ယူအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အကောင်းဆုံးရလဒ် ထွက်ပေါ်အောင် ကစားကြရန် မန်ယူအသင်းကစားဖော်များအား သတိပေးပြောကြားထားပြီး အဆိုပါ စပါးအသင်းနှင့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မာတာသည် ပွဲချိန်ပြည့်ပါဝင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြမိုယက်လက်ထက်တွင် အဆင့်(၇)နေရာနှင့် လွဲချော်ကာ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲခဲ့ရခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဗန်ဟားလ်အား အစားထိုးခန့်အပ်ခဲ့သည်။

လက်ရှိတွင်လည်း မန်ယူအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၄)နေရာ၌ ရပ်တည်နေသော်လည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမှာမူ ရှန်းကန်နေရဆဲဖြစ်သည်။ သို့ရာတွင် ကွင်းလယ်ကစားသမား မာတာကမူ မန်ယူအသင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့် အမြဲတမ်းရသင့်ကြောင်းနှင့် ဝင်ခွင့်ရရှိရန်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်ပေါ်တွင် ပြုလုပ်ခဲ့သည့် အမေးအဖြေကဏ္ဍတွင် ပြောကြားခဲ့သည်။

ထို့ပြင် စပါးအသင်းနှင့် ပွဲစဉ်တွင် မန်ယူအသင်းအနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့ပါက မန်ယူအသင်း လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်းလည်း ကွင်းလယ်ကစားသမားမာတာက ပြောကြားခဲ့သည်။

### ဘယ်လာရင်အား စာချုပ်သစ်ကမ်းလှမ်းမည်ဖြစ်ကြောင်း ဝင်းဂါးပြောကြား

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဘယ်လာရင်အား စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ လူငယ်ကစားသမား ဘယ်လာရင်သည် အာဆင်နယ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းအနေဖြင့်လည်း အသင်းအတွက် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ကာ စာချုပ်သစ်ကမ်းလှမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိ၊ မရှိနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင်လည်း အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိပါကြောင်း လူသိရှင်ကြားပြောကြားခဲ့ပြီး လက်ရှိတွင်လည်း အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၁၇ ပွဲပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့သည့်လက အက်စတွန်ဗီလာအသင်းအား ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် ပထမဆုံးသွင်းဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

### ကွင်းလယ်ကစားသမား ဇာဗီ ဘာစီလိုနာ၌ ၂၀၁၆ အထိ ဆက်ရှိနေမည်

အသက်(၃၅)နှစ်အရွယ်ရှိပြီဖြစ်သည့် ဘာစီလိုနာကွင်းလယ်ကစားသမား ဇာဗီသည် မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သော်လည်း လက်ရှိတွင်မူ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၌သာ ဆက်ရှိနေရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဇာဗီသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ကွင်းလယ်ကစားသမားဇာဗီသည် ၎င်း၏ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၁၆ ခုနှစ် ဇွန်လအထိ ဘာစီလိုနာအသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

စပိန်သတင်းစာများကမူ ကွင်းလယ်ကစားသမားဇာဗီသည် ၂၀၁၆ မေဂျာလိဂ်ရာသီမစတင်မီ နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားဖွယ်ရှိနေသည်ဟု ထင်ကြေးပေးမှုများရှိခဲ့ကြောင်း သိရသည်။

## မတ် ၁၅/၁၆ ရက်တို့တွင် ယှဉ်ပြိုင်မည့် ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ပရီမီယာလိဂ်** | | | |
| ချယ်လ်ဆီး | - | ဆောက်သမ်တန် | ည-၇း၀၀ |
| အဲဗာတန် | - | နယူးကာဆယ် | ည-၁၀း၃၀ |
| မန်ယူ | - | စပါး | ည-၁၀း၃၀ |
| **စပိန်လာလီဂါ** | | | |
| အယ်မာရီယာ | - | ဗီလာရီးယဲလ် | ညနေ-၅း၃၀ |
| မာလာဂါ | - | ကော်ဒိုဘာ | ည-၁၀း၃၀ |
| ဆီဗီးလ် | - | အဲလ်ချီ | နံနက်-၁၂း၃၀ |
| ရီးယဲလ်မက်ဒရစ် | - | လီဗန်တေး | နံနက်-၂း၃၀ |
| **စီးရီးအေ** | | | |
| ဂျီနိုအာ | - | ချီယေဗို | ည-၇း၃၀ |
| ဆာစူအိုလို | - | ပါးမား | ည-၇း၃၀ |
| အတ္တလန်တာ | - | အူဒီးနီးစ် | ည-၇း၃၀ |
| ဗီရိုနာ | - | နာပိုလီ | ည-၁၁း၃၀ |
| အင်တာမီလန် | - | ဆီစီနာ | နံနက်-၂း၁၅ |
| **ဘွန်ဒက်လီဂါ** | | | |
| ဝုဖ်ဘတ် | - | ဖရိုင်းဘတ် | ည-၉း၀၀ |
| ဂလာဘတ် | - | ဟန်နိုဗာ | ည-၁၁း၀၀ |

မောင်မောင်ဇော်

# မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်နိုင်ငံတော်၏သစ်တော သယံဇာတများကို ပြည်သူလူထု အကျိုးအတွက် စနစ်တကျစီမံအုပ်ချုပ်လျက်ရှိနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင်သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများအား အခြားသော ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် မတ် ၉ ရက်က မန္တလေး-မိုးကုတ် ကားလမ်း ရွာတော်လေးတိုးဂိတ်အနီးမှ မော်တော်ယာဉ်အမှတ် 2B/. . . . . အား တရားမဝင်ကျွန်းတံခါးရွက်အကြီး ၂၈ ချပ် (၁ ဒသမ ၀၀၁)တန်၊ ကျွန်းတံခါးရွက်အသေး ၇၁ ချပ် (သုည ဒသမ ၄၀၃)တန် စုစုပေါင်း ၁ ဒသမ ၄၀၄ တန်အား လူနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



အလားတူ မတ် ၁၂ ရက်က ပြည်ခရိုင် ပန်းတောင်းမြို့နယ်ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများစစ်ကြောင်းအဖွဲ့သည် ပန်းတောင်းမြို့နယ်သံလယ်ကြီး ကြိုးဝိုင်းအကွက်အမှတ် (၈)အတွင်းမှ တရားမဝင်ထောက်ကြံ့ခွဲသား ၁၁ ချောင်း (၁ ဒသမ ၅၈၆၈)တန်အားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ အဖွဲ့သည် မတ် ၁၄ ရက်က ပန်းတောင်း မြို့နယ် ဘူးရိုးကြိုးဝိုင်းအကွက် အမှတ် (၄၇) အတွင်းမှ တရားမဝင် အခြားသစ်ခွဲသား ခြောက်ချောင်း (၁ ဒသမ ၀၈၄၄) တန်အား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ခြင်ဆေးခွေမီးထွန်းထားရာမှ မွေ့ရာသို့ကူးစက် မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၄**

မန္တလေးချမ်းမြသာစည်မြို့နယ် ၆၂လမ်းနှင့် ၆၄လမ်းကြား၊ ခိုင်ရွှေဝါလမ်းကြားရှိ J&J Car Audio နှင့် ကား အလှဆင်ဆိုင်တွင် မတ် ၁၄ ရက် နံနက် ၁၁ နာရီခန့်က ခြင်ဆေးမီးမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င/၆၇)၊ အိမ်အမှတ်(၇)တွင် ဖွင့်လှစ်ထားသည့် J&J Car Audio နှင့် ကားအလှဆင်လုပ်ငန်း ဆိုင်အပေါ်ထပ်တွင် တီဗွီကြည့်နေသော ကလေးငယ်၏ခုတင်ဘေးအနီး ခြင်ဆေးခွေမီးထွန်းထားခဲ့ရာမှ မွေ့ရာသို့တစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ မီးလောင်ရာသို့ မီးသတ်ယာဉ် ၄၁ စီး၊ သန္ဓေမီးသတ်အင်အား ၃၀ နှင့် အရန်မီးသတ်အင်အား ၈၅ ဦးတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားသည်။



အဆိုပါမီးလောင်မှုကြောင့်ဆိုင်၏ နံကပ်နှစ်ထပ် (ပေ၃၀ × ပေ၄၀) အပေါ်ထပ် အဆောက်အအုံနှင့် ကားအလှဆင် လုပ်ငန်းသုံးပစ္စည်းများပျက်စီးဆုံးရှုံးခဲ့သဖြင့် ချမ်းမြသာစည်မြို့နယ်ရဲစခန်းမှ ဆိုင်ပိုင်ရှင်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မန္တလေးမြို့ပေါ်တွင် တစ်ရက်အတွင်း ယခုမီးလောင်မှုဖြစ်စဉ်နှင့် မီးလန့်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း ဗဟိုမီးသတ်တာဝန်မှူးရုံးမှ သိရသည်။

**(၀၀၂)**

# ပခုက္ကူမြို့တွင် စက်သုံးဆီဆိုင်လေးဆိုင် မီးလောင်ဆုံးရှုံးမှုဖြစ်ပွား

**ပခုက္ကူ မတ် ၁၄**

ပခုက္ကူမြို့ အမှတ် (၆) ရပ်ကွက် မြိုင်သာယာကွက်သစ် ပခုက္ကူ-မြိုင် ကားလမ်းအရှေ့ဘက်ရှိ ဇော်ကြီး စက်သုံးဆီအရောင်းဆိုင်တွင် မတ် ၁၃ ရက် ညက ဆီဘောက်ဆာကား အတွင်းမှ ဆီများအား ပီပါများ အတွင်းသို့ ဆီလှယ်ထည့်စဉ် မီးလောင်မှု စတင်ဖြစ်ပွားကာ မီးကူးစက်လောင်ကျွမ်းခဲ့သောကြောင့် စက်သုံးဆီဆိုင်လေးဆိုင်၊ လူသုံးဦး မီးလောင်ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်းသိရသည်။


ဖြစ်စဉ်မှာ ဆိုင်ပိုင်ရှင် ဇော်ကြီး(ခ) ဖြိုးဝေလင်း အသက် (၄၂)နှစ်၏ ဇော်ကြီးစက်သုံးဆီ အရောင်းဆိုင်တွင် အဆိုပါနေ့ ည ၁၂ နာရီခွဲအချိန်က ဆီဆိုင်အလုပ်သမား တင်နိုင်လတ် အသက် (၃၀)နှစ်၊ ဖိုးငြိမ်း အသက် (၁၆)နှစ်၊ ထိန်ဝင်းအောင်စသည့် ပခုက္ကူမြို့နေသူ သုံးဦးတို့က ၂၂ ဘီး ဂါလန် ၉၂၀၀ ဆံ့ ဆီဘောက်ဆာကား အတွင်းမှ အောက်တိန်း ၉၂ ဆီများအား ပီပါများအတွင်းသို့ ဆီပိုက်ဖြင့် လှယ်ထည့်စဉ် ဆီပိုက်ထိပ်ရှိ သံပိုက်ခေါင်းနှင့် ဆီပီပါနှုတ်ခမ်းတို့ ပွတ်တိုက်ရာမှ (တည်ငြိမ်လျှပ်စစ်) ဖြစ်ပေါ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

အဆိုပါ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ ရပ်ကွက်နေပြည်သူများနှင့် မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မတ် ၁၄ ရက် နံနက် ၂ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သုံးပင်နှစ်ပင်၊ မြေစိုက်၊ သွပ်မိုး ထရံကာ၊ စက်သုံးဆီဆိုင် သုံးဆိုင်၊ သုံးပင်နှစ်ပင် နှစ်ထပ်အုတ်ကာ သွပ်မိုး စက်သုံးဆီဆိုင် တစ်ဆိုင်နှင့် စုစုပေါင်းဆီပီပါ ၄၅ လုံး ဆုံးရှုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

မီးလောင်မှုကြောင့် ဆီဆိုင်အလုပ်သမား တင်နိုင်လတ်၊ ထိန်ဝင်းအောင်နှင့် ဆီကားနောက်လိုက် အောင်ဇော်လတ် သုံးဦးတို့တွင် မီးလောင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သောကြောင့် ပခုက္ကူဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရပြီး မီးလောင်မှုနှင့် ပတ်သက်၍ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာရဲစခန်းမှ သိရသည်။

**(ကျော်ဇေယျ)**








စိုင်းဝင်းလွင်အား သိမ်းဆည်းရမိဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# လားရှိုး၊ တာချီလိတ်နှင့် တန့်ယန်းမြို့တို့တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၄**

လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၁ ရက်က လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၂၀) ကောင်းခါးရပ် မြမဥ္ဇူလမ်းကြားတွင် တွေ့ရှိသူ စိုင်းဝင်းလွင်(ခ)အိုက်မြတ်အား ရှာဖွေရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၃ ခွက်(ဘိန်းဖြူ သုညဒသမ ၁၆၉ ကီလို) သိမ်းဆည်းရမိသဖြင့် စိုင်းဝင်းလွင်(ခ) အိုက်မြတ် (၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မတ် ၆ ရက်က တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်မှ တာချီလိတ်သို့ အရိုးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀ သိမ်းဆည်းရမိသဖြင့် အရိုး (၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူပင် မူးယစ်တပ်ဖွဲ့စု (၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၉ ရက်က တန့်ယန်းမြို့ ရပ်ကွက်(၂) အထွက် ပန်ဆန်း-တန့်ယန်းသွားဂိတ်ရှောင်လမ်း၊ ထင်းရှူးတောလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် အိုက်ပလိတ်မောင်းနှင်၍ အိုက်မတ်လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ရှေ့ခွကြားရှိ ပီနံအိတ် အတွင်း အဖြူရောင်ပလတ်စတစ်ဘူးဖြင့်ထည့်လျက် ဘိန်းစိမ်း ၁ ဒသမ ၁ ကီလို သိမ်းဆည်းရမိသဖြင့် အိုက်ပလိတ် (၂၇)နှစ်နှင့် အိုက်မတ်(၃၁)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(မူးယစ်ဗဟို)**

## မီးဖိုအသုံးပြုလျှင်

- လူစောင့်ထားပါ။
- လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
- မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
- မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
- ဆီအိုးတည်ပြီး မမေ့ပါနှင့်။

# နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်အကဲဖြတ်လုပ်ငန်းများဆောင်ရွက်

**မကွေး မတ် ၁၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (လူမှုရေးဆိုင်ရာ) ဆုရွေးချယ်ရေးအတွက် ကွင်းဆင်းအဖွဲ့(၂) အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အဖွဲ့သည် ဒေသဆိုင်ရာအစိုးရအဖွဲ့မှ သတ်မှတ်တင်ပြထားသည့် မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ နိုင်ငံတော်နှင့်ပြည်သူ့လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများအား ကွင်းဆင်း၍ စိစစ်အကဲဖြတ် ဆောင်ရွက်ခြင်းကို မတ် ၁၁ ရက် မွန်းလွဲ ၁နာရီက မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (လူမှုရေးဆိုင်ရာ) ဆုရွေးချယ်ရေးကွင်းဆင်းအဖွဲ့(၂) အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(လူမှုရေးဆိုင်ရာ) ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(လူမှုရေးဆိုင်ရာ) ဆုရွေးချယ်ရေးကွင်းဆင်းအဖွဲ့(၂) အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ နိုင်ငံတော်နှင့်ပြည်သူ့လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စိစစ်မေးမြန်းရာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(လူမှုရေးဆိုင်ရာ) ဆုချီးမြှင့်ရေး မကွေးတိုင်းဒေသကြီး စိစစ်ရွေးချယ်ရေးကော်မတီဝင်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်မင်း(စေရာ)**



## ကေတုမတီမြို့မီးသတ်ရေကန် ကိုယ့်အားကိုယ်ကိုး တူးဖော်

**တောင်ငူ မတ် ၁၄**

မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ မီးသတ်ယာဉ်များရေဖြည့်နိုင်ရန် တောင်ငူမြို့နယ် ကေတုမတီမြို့သူ မြို့သားများစုပေါင်း၍ နတ်သျှင်နောင်ရပ်ကွက်တွင် မတ် ၉ ရက်မှ စတင်ကာ စက်ယန္တရားများဖြင့် စတင်တူးဖော်လျက်ရှိသည်။

"ကျွန်တော်တို့ ကေတုမတီမြို့သားတွေ ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၃၀ နဲ့ စတင်လုပ်ဆောင်တာပါ။ ကျွန်တော်တို့မြို့က တောတွေအရမ်းများတော့ မီးဘေးအန္တရာယ်က ခုလိုပူပြင်းတဲ့နွေရာသီမှာ အရမ်းစိုးရိမ်ရတယ်။ အကယ်၍ မီးဘေးအန္တရာယ်နဲ့ကြုံရရင် မီးသတ်ယာဉ်တွေ ရေထည့်တဲ့အခါမှာ ရေကန်က လိုတယ်။ အဲဒါကြောင့် ခုလိုမီးသတ်ရေကန်ကို တူးဖော်ရတာပါ"ဟု ကေတုမတီမြို့မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောပြသည်။

လက်ရှိတူးဖော်လျက်ရှိသော မီးသတ်ရေကန် တာပေါင်အားပေ ၂၀ ပတ်လည်နှင့် ရေကန်အကျယ်မှာ ပေ၁၂၀ ပတ်လည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ငဖဲမြို့နယ်တွင် ပဇီချောင်းကူး တံတား တည်ဆောက်လျက်ရှိ

**ငဖဲ မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း ပင်ဦးကျေးရွာအုပ်စု ညောင်ကိုင်းကြီးကျေးရွာတွင် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးတင်ဒါပိုလျှံငွေ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၅၀ ဖြင့် ပဇီချောင်းကူးတံတား (၁၆၀´x ၁၈´x ၉´) အား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးယုနိုင်လင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည် ။

**သန်းနိုင်ဦး(ငဖဲ)**

## လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြော

**ကျောက်ထု မတ် ၁၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ကျောက်ပျဉ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် မတ် ၁၁ ရက်က ကျောက်ထုမြို့အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဝင်းထွန်းက လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျောက်ထုမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရတနာထွန်းက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြောင်းတို့ကို အသီးသီးဟောပြောခဲ့ကြကြောင်းသိရသည်။

**(၄၆၅)**


### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၃-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၉-၃-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃)၊ မြေကွက်တည်နေရာအမှတ်(၃)၊ ရာဇသင်္ကြန်လမ်းမကြီး၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် (ဒေါ်ခင်ရီ CK-၀၁၇၇၀၉) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ခင်ရီ (၂၃-၁-၉၉)ရက် ကွယ်လွန်၊ ခင်ပွန်း ဦးဟိန်း (၁၀-၁၀-၁၉၇၁) ကွယ်လွန်သဖြင့် ဒေါ်အေးဟန်[၁၂/ဒလန(နိုင်)၀၀၁၁၉၀]က တစ်ဦး တည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂H၊ မြေကွက်အမှတ်-ပဥ္စမတန်းစား(၁၁၇)၊ မြေကွက်တည်နေရာအမှတ်(၄၂)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (Mr.M.L.N.Rao)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် Mr.M.L.N.Rao(ခ)ရောင်း(ခ)ဦးဘသန်း(လူပျိုကြီးဘဝဖြင့်)လည်းကောင်း၊ အစ်ကိုကြီးဖြစ်သူ အမ်စူဘရာမန်းနီးတို့ အသီးသီးကွယ်လွန်သဖြင့် ညီ၊ ညီမများဖြစ်ကြသော (၁) အာတီလက်ချမီး[၁၂/မဂတ(ပြု)၀၀၀၈၇၆]၊ (၂) ဒါနားလက်ချမီး[ ၁၂/မဂတ(ပြု)၀၀၀၈၇၇]၊ (၃)ဦးလှထွန်း[၁၂/မဂတ(နိုင်)၀၈၀၆၉၄]တို့မှ မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၁၂၆၊ မြေကွက်တည်နေရာ-အမှတ်(၁၁၂၆)၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်ဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်ခင်ဝင်း(၁၂/ဥကတ(နိုင်)၁၃၅၁၉၉)မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစန်းမြင့်၏သမီးဖြစ်သူ မဇာခြည်လှိုင်[၁၂/ဒဂတ(နိုင်)၀၄၃၄၈၈]သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောအတိုင်း နေအိမ်မှထွက်သွားပါ၍ ၎င်းအား သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးစန်းမြင့်[၁၂/ဥကတ(နိုင်)၀၀၉၅၉၄]
ဒေါ်မြင့်သန်း
[၁၂/ဥကတ(နိုင်)၀၀၉၅၉၅]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁အနော်မာ၊ မြေကွက်အမှတ်-၁၇၄၅/ခ၊ မြေကွက်တည်နေရာအမှတ်-၁၇၄၅/ခ၊ ရွှေမေတ္တာလမ်း၊ ၁အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ခင်ကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးတင်အောင်မှ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈ဖြင့် ဒေါ်ခင်ကြည်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၇၅ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်အရှေ့ပိုင်း ပေ(၄၀×၆၀)၊ ဂရန်လျှောက်ထားနိုင် (ပွဲစားဝယ်ရောင်းမလို)

ဖုန်း-၀၉-၇၉၉၉၀၆၂၃၇

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၈၊ မြေကွက်အမှတ်(၁၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၅/ခ)၊ နဝရတ်လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသိန်းသန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်မျိုးအေးငြိမ်း (တရားလို)မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၈၅ဖြင့် ဦးသိန်းသန်း (တရားပြိုင်)အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၉၄ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၃၂၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၃၂၈/ခ)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတက်ထွန်း-ဒေါ်တင်တင်လှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတက်ထွန်း-ဒေါ်တင်တင်လှိုင်တို့ထံမှ အရောင်းအဝယ်စာချုပ်(၂၁၀၁/၁၂) (၂၅-၅-၁၂)ဖြင့် ပိုင်ဆိုင်သူ ဦးမြင့်စိုး[၁၂/သကတ(နိုင်)၀၅၆၉၂၈]နှင့် ဒေါ်စန်းမြင့်[၁၂/သကတ(နိုင်)၀၇၅၂၆၂]တို့မှ ဂရန်ပျက်စီးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိခံဝန်ချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### မီးမလောင်ပါစေနှင့်

### ကန့်ကွက်ကြောင်းအများသိရှိစေရန်ကြေညာခြင်း

TOYOTA COROLLA FIELDER (FF/3963) ကားကို ဒေါ်ခင်ဝင်း (မှတ်ပုံတင်အမှတ်၁၂ /ဗတန(နိုင်)၀၅၁၀၅၄) မှစာရွက်စာတမ်းနှင့်တကွပိုင်ဆိုင်ပြီး၎င်း အထက်ပါကားအား ဒေါ်ခင်ဝင်း၏ခွင့်ပြုချက်မရရှိပဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်းများလုံးဝမပြုလုပ် ကြပါရန်။ အကယ်၍ ရောင်းချခြင်း၊ငှားရမ်းခြင်း၊ ဝယ်ယူခြင်း ၊ပေါင်နှံခြင်းများ ပြုလုပ်ခဲ့ပါလျှင်ဥပဒေအရအရေးယူမည် ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

၀၉-၅၀၃၀၅၃၂ ဒေါ်ခင်ဝင်း(၁၂/ဗတန(နိုင်)၀၅၁၀၅၄)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/မြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၇၇၆၊ မြေကွက်တည်နေရာအမှတ်-၇၇၆၊သန္တာ(၁)လမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးသိန်းအောင် CG-၀၀၉၆၀၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင်အား တရားမကြီးမှု ၁၄၄/၁၄၊ တရားမဇာရီမှု-၁၃၈/၁၄(ဒဂုံ/မြောက် တရားရုံး) အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးသူရမောင်မှ အနိုင်ဒီကရီရရှိပြီး ယခု တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးဒီကရီများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ဤဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၅၃၈၊ မြေကွက်တည်နေရာအမှတ်-၅၃၈၊ ဘုရင့်နောင်လမ်း၊ ၄၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်စိန် (KLT-၀၀၃၇၅၉) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်စိန်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းမြင့်[၁၂/စခန(နိုင်)၀၄၆၉၂၉]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွေးအမြင်ဆောင်းပါး

# အယဉ်အရိုင်း ယှဉ်မနိုင်းပါနှင့်

**à တက္ကသိုလ်မြတ်သူ**

တောရိုင်းမြေများတွင် သက်ရှိသတ္တဝါမျိုးစုံ အကျုံးဝင်သည့် တောရိုင်းတိရစ္ဆာန်များသည် နိုင်ရာစား၊ ကြီးနိုင်ငယ်ညှဉ်း၊ မိမိဝမ်းဗိုက်၌ ဆာလောင်လာလျှင် မိမိထက် အားနည်းသော တိရစ္ဆာန်တစ်ကောင်ကို ကိုက်သတ်စားလိုက်တော့သည်။ ကျား၊ ခြင်္သေ့၊ ကျားသစ်စသည့် အားကြီးသတ္တဝါများသည် တောင်ဆိတ်၊ တောဆိတ်၊ သမင်၊ ဒရယ်၊ မြင်းကျားကလေးများကို ဆွဲယူသတ်ဖြတ်စားသောက်ခြင်းဖြင့် ၎င်းတို့အသက်ရှင်သန်ရေးကို လုပ်ဆောင်ကြသည်။ ထို့အတူ သိန်းငှက်၊ စွန်ငှက်များက မြေပြင်မှ ကြွက်၊ ယုန်၊ ပူးစသည့် သတ္တဝါငယ်များကို ကုပ်ယူစားပစ်ကြသည်။ ပုရွက်ဆိတ်စားကောင် Anteater နှင့်တွေ့လျှင် ပုရွက်ဆိတ်တစ်အုံလုံး ဇီဝိန်ကြွေ ကြရသည်။ မြွေများကလည်း ကြွက်၊ ရှဉ့်စသည့် သတ္တဝါများကို ဖမ်းယူပြန်ကြသည်။ မြစ်၊ ချောင်းများသို့ ရေသောက်ဆင်းကြရှာသော တောင်ဆိတ်၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်းဆတ်တို့သည် မိချောင်းစာဖြစ်ကြရသည်။

စလောင်းရုပ်သံလိုင်းများမှ Wild Life (တောရိုင်းဘဝ)၊ Animal World တိရစ္ဆာန်လောက၊ Geowile ပထဝီဝင် အရိုင်းအစိုင်းများစသည့် လိုင်းများကို ဖမ်းကြည့်လျှင် မမြင်ဖူးသော တိရစ္ဆာန်မျိုးစုံကို မြင်ရ၍ ဗဟုသုတရှိသည်။ ပင်လယ်ရေအောက်ကမ္ဘာမှ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးမန်း စသည်တို့ကို စွန့်စားရှာဖွေရိုက်ကူး ပြသသည်ကို ကြည့်ရသည်မှာလည်း စိတ်ဝင်စားဖို့ကောင်းသည်။ တစ်ခါမမြင်ဖူးသော ငါး သို့မဟုတ် အမည်နာမတပ်၍ မခေါ်တတ်အောင် ဆန်းပြားသော ရေသတ္တဝါများ၊ ရေအောက် သန္တာကျောက်တန်း အမျိုးမျိုးတို့ကို ကြည့်နူးဖွယ်ရာ တွေ့ရသည်။ ထိုသို့ကြည့်၍ အံ့သြကြည်နူးနေဆဲမှာပင် ရေအောက်ကမ္ဘာမှ နိုင်ရာစားဖြစ်ရပ်များကို မြင်ရပြန်ရာ စိတ်ညစ်ညူးရပြန်သည်။ ငါးမန်းများက လက်လှမ်းမီသော လူများကိုလည်း စား၊ ငါးငယ်များကိုလည်း ဖမ်းစား၊ ရေကူးပျော်ရွှင် အပျံသင်နေသော ဘဲများ၊ ငှက်များကိုလည်း ဖမ်းစားသည်။ အခြားရေသတ္တဝါများသည်လည်း ကြီးနိုင်ငယ်ညှဉ်းပုံစံဖြင့် နိုင်ရာစားနေသည်ကို တွေ့ရသည်။ ဝက်ဝံများကလည်း ရေထဲမှ ငါးများကို ဖမ်းစားလေသည်။

> ရိုင်းစိုင်းသော သဘာဝ ဆင်ခြင်တုံတရား မရှိသော တောရိုင်း၊ မြေရိုင်း၊ ရေရိုင်း သတ္တဝါလောကမှ အင်အားကြီးသူက. . .

ရိုင်းစိုင်းသော သဘာဝ ဆင်ခြင်တုံတရားမရှိသော တောရိုင်း၊ မြေရိုင်း၊ ရေရိုင်းသတ္တဝါလောကမှ အင်အားကြီးသူက အင်အားငယ်သူကို သတ်ဖြတ်စားသောက်နေကြသည်ကို လူတို့က Force Theory အင်အားသုံး အနိုင်ကျင့်ဝါဒဟူ၍လည်းကောင်း၊ (Jungle Law) တောတွင်းဥပဒေဟူ၍ လည်းကောင်း သမုတ်ကြသည်။ မှန်လည်းမှန်ပါသည်။ ထိုတောတွင်း ဥပဒေတွင် ဥပဒေ၏ သဘာဝဖြစ်သည်။ ပြစ်မှုကိုအနက်ဖွင့် ဖော်ပြပြီးမည်သို့ပြုမူလျှင် ပြစ်မှုမြောက်ကြောင်း၊ ထို့ကြောင့် ထိုသို့ မပြုရ သို့မဟုတ် ထိုသို့ပြုမူကျင့်သုံးပါ၊ လိုက်နာပါ။ မလိုက်နာ ဖောက်ဖျက်လျှင်မည်သို့ ပြစ်ဒဏ်ချမှတ်ရမည်ဟု တိကျစွာ သတ်မှတ်ရေးဆွဲရိုးထုံးစံဖြစ်လေသည်။

တောတွင်း ဥပဒေဆိုသည်၌ ပြစ်ဒဏ်သတ်မှတ်ချက်မပါ။

ပြစ်မှုကျူးလွန်၍လည်း ဖမ်းဆီးတရားခွင်တင်စစ်၊ အပြစ်ပေးအကျဉ်းချနိုင်သူ မရှိပေ။ ထို့ကြောင့် တောတွင်းဥပဒေကို ယဉ်ကျေးသော လူ့လောကက စက်ဆုပ်ဖွယ် မတရားမှု၊ ရိုင်းစိုင်းမှု၊ ကြမ်းကြုတ်ရက်စက်မှု၊ တစ်ကိုယ်ကောင်းလုပ်ရပ်ဟု ရှုမြင်ရှုတ်ချကြသည်။

ဤကမ္ဘာလောကကြီးတွင်သက်ရှိသတ္တဝါမျိုးစုံရှိရာ၌ လူသတ္တဝါသည် အသိဉာဏ်အရှိဆုံး၊ အသိဉာဏ်ကို အသုံးချတတ်ဆုံးဟု လူတိုင်းသိကြသည်။ တိရစ္ဆာန်တို့တွင်လည်း ငါ့ဝမ်းပူစာမနေသာ ဆာလောင်သည်ကိုသိသည်။ ရန်သူကို သိသည်။ သတ်စားရမည့် သားကောင်ကိုသိသည်။ သစ်ခေါင်းမြေတွင်းများ၌ နေတတ်သည်။ တိရစ္ဆာန်တို့၏ အသိဉာဏ်က ၎င်းတို့ဘဝရှင်သန်ရုံမျှသာ အသုံးချသည်။ ထိုထက်ပို၍မသိကြချေ။ ထို့ကြောင့်လည်း ရိုင်းစိုင်းကြမ်းကြုတ်နေကြပေသည်။

လူသားတို့၏ သမိုင်းဦးကာလတွင် အသိဉာဏ်ကို စမ်းတဝါးဝါးဖြင့်သာ အသုံးပြုနေကြသဖြင့် ရိုင်းစိုင်းသော အပြုအမူများရှိနေပေသေးသည်။ ထိုလူရိုင်းဘဝမှ ယနေ့ယဉ်ကျေး၍ နေထိုင်စားသောက်ဝတ်ဆင်၊ သွားလာမှု အဆင့်မြင့်လာရသည်မှာ အသိဉာဏ်ကို ထက်မြက်စွာအသုံးချတတ်မှုကြောင့်ပင်ဖြစ်သည်။ လူသည် မိမိပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေတတ်ပြီး သဘာဝမှ အတွေ့အထိများ တိုးပွားလာခဲ့သည်။ အေးလွန်းသောပတ်ဝန်းကျင်တွင် နွေးအောင်နေတတ်လာသည်။ မီးလှုံမည့်အဝတ်၊ သားကောင်အရေခွံခြောက်၊ သစ်ခက် သစ်ရွက်သစ်ခေါက်တို့ဖြင့် ရစ်ပတ်ပြီး ခန္ဓာကိုယ်လုံခြုံစေသည်။ အပူ၊ အအေးဒဏ်ခံနိုင်စေသည်။ ဦးနှောက်ကို အသုံးပြုပြီး ဦးနှောက်အသိဉာဏ်က ဓားသွေးကျောက်ပေါ်တင်၍ သွေးသော ဓားတစ်လက်ကဲ့သို့ ပို၍ထက်ပါသည်။ ချွန်ပါသည်။ လူ့ယဉ်ကျေးမှုသမိုင်းတွင် ယဉ်ကျေးမှုလမ်းနှစ်သွယ်မှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပေသည်။ ဝတ်စားနေထိုင်မှု၊ စားမှုသောက်မှု၊ အချင်းချင်းလက်ပြခြေပြ ဆက်သွယ်ရာမှ စကားလုံးများသတ်မှတ်ပြောဆို ဆက်သွယ်တတ်လာပြီး ဘာသာစကား၊ ထိုမှတစ်ဆင့် ဘာသာစာပေတို့ကိုတီထွင်တတ်လာသည်။ ဤသို့နေထိုင်မှုဘဝကို တိုးတက်အောင်၊ ပိုမိုယဉ်ကျေး အောင်ပျိုးထောင်ခြင်းကို လူ့ဘဝယဉ်ကျေးမှု၊ လူနေမှု၊ ယဉ်ကျေးမှုဟူ၍ အင်္ဂလိပ်ဘာသာစကား၌မူ Civilization ဟု သုံးသည်။

ကျပန်းသွားလာ ကျက်စားရာမှ စိုက်တတ်ပျိုးတတ်လာပြီး စိုက်ခင်းကို အမြဲတစေ စောင့်ကြည့်ရန် သစ်ခက်တဲထိုးနေရာမှ အိုးအိမ်တည်ဆောက်တတ်လာသည်။ လူ့လောကတွင်တစ်ဦးတည်း အထီးကျန်နေ၍မရ၊ အသိုင်းအဝိုင်းနှင့်နေမှ ပိုကောင်းသည်ဟူသော အသိကြောင့်ရွာ၊ မြို့၊ နိုင်ငံများ တည်ဆောက်နိုင်ကြသည်။ Giviligation မြန်မာတို့က ယဉ်ကျေးမှုဟု အလွယ်တကူအတိုသုံးနှုန်းကြသည်။

လူသားတို့သည် တောတွင်းတိရစ္ဆာန်များကဲ့သို့ ရိုင်းစိုင်းသော သတ္တဝါမျိုးမဟုတ်။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ယဉ်ကျေးတိုးတက်လာသူများဖြစ်ကြသည်။ လူယဉ်တို့၏နှလုံးသားခံစားမှု၊ ဦးနှောက်အသိအတွေးတို့သည် နူးညံ့ယဉ်ကျေးကြသည်။

ဩကာသလောကကြီး၏ သာယာလှပသော ရေမြေတောတောင်အလှ ကောင်းကင်မှ လမင်းသော်တာ ကြယ်စုံနက္ခတ်ဂြိုဟ်များ၊ နေထွက်စပြု၏။ နေဝင်ဆည်းဆာ ကောင်းကင်၌ ဖွဲ့နေသော တိမ်လွှာ၊ တိမ်တောင်၊ တိမ်စွယ်၊ တောတောင်တို့၌ မွေးကြိုင်လှပစွာ ပွင့်ဖူးနေသော ပန်းမျိုးစုံတို့ကို အလှအပ ကြည်နူးဖွယ်ရာ လောက၏ အဆင်တန်ဆာများအဖြစ် ရှုမြင်ခံစားတတ်လာသည်။ ကျေးငှက်ကလေးများ၏ ကျီကျီကျာကျာ တွန်ကျူးသံ၊ စမ်းရေတသွင်သွင်းစီးသံ၊ သစ်ရွက်ကြို သစ်ရွက်ကြားလေတိုးသော တရှီရှီအသံတို့ကို နား၌ သာယာလာပါသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်လောက၏ နှလုံးသားခံစားမှုကို ပေးနိုင်သော အလှအပများ၊ သာယာဖွယ်အသံများ၊ ကြည်နူးဖွယ်မြင်ကွင်းများကို လိုက်လံတုပကြရင်း အဆို၊ အတီး၊ အက၊ ပန်းချီ၊ ပန်းပုများ၊ လူတို့ဖြစ်ရပ်ကို မှီးသော ဇာတ်လမ်းဝတ္ထုများ ဖန်တီးတတ်လာသည်။ ရင်တွင်း၌ ဖြစ်ပေါ်ခံစားရသည်တို့ကို နုကြော့ယဉ်ခန့်စွာ ဖန်တီးတတ်သော တိုးတက်မှုကို မြန်မာတို့၏ ယဉ်ကျေးမှုဟုပင် ဆိုကြသည်။ အရှည်ဆိုရသော်ကား ယဉ်ကျေးမှုအနုပညာများပင်ဖြစ်ပေသည်။ အင်္ဂလိပ်ဘာသာစကား၌မူ ယင်းယဉ်ကျေးမှုအနုပညာကို Culture ဟု သုံးနှုန်းလေသည်။

> ရင်တွင်း၌ ဖြစ်ပေါ်ခံစားရသည်တို့ကို နုကြော့ယဉ်ခန့်စွာ ဖန်တီးတတ်သော တိုးတက်မှုကို မြန်မာတို့၏ ယဉ်ကျေးမှု. . .

**ဆက်လက်ဖော်ပြပါမည်။**

## မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

### ၂၀၁၅ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားကို စာပေအနုပညာနယ်ပယ်၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့တွင် တီထွင်ဖန်တီးမှုများကို မြှင့်တင်နိုင်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်၊ ပြည်သူလူထု၏ ယဉ်ကျေးမှုနှင့် ဗဟုသုတများတိုးပွားစေရန်၊ ကိုယ်ပိုင်တီထွင်ဖန်တီးမှုများအား အကာအကွယ်ပေးခြင်းအားဖြင့် ရရှိနိုင်မည့်အခွင့်အရေးများအား သိရှိနားလည်ခြင်းဖြင့် ဖန်တီးမှုများမြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားတွင် IP Office Logo ပြိုင်ပွဲ၊ World IP Day 2015 ဆောင်ပုဒ် "Get up, Stand Up. For Music" ပိုစတာပြိုင်ပွဲ၊ Innovation for Energy Saving, Innovation for Household Product နှင့် A Design made of Recycle Material ခေါင်းစဉ်များဖြင့် ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဓာတ်ပုံများခင်းကျင်းပြသခြင်း၊ Educational Talk, Quiz ဖြေဆိုခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များ၊ ပြခန်းများခင်းကျင်းပြသခြင်း အစီအစဉ်များဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါပြိုင်ပွဲခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင်လက်ရာများ ပေးပို့ယှဉ်ပြိုင်ကြရန်နှင့် ခင်းကျင်းပြသနိုင်ရေးအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဓာတ်ပုံများပေးပို့ကြရန် ဖိတ်ခေါ်ထားပါသည်။

ယှဉ်ပြိုင်မှုသည် ကိုယ်ပိုင်တီထွင်ဖန်တီးမှုဖြစ်ရမည်ဖြစ်ပြီး ယခင်ရှိပြီးသား လက်ရာများနှင့် တူညီမှုမရှိစေရ၊ ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ခေါင်းစဉ်တစ်ခုချင်းစီအတွက် ယှဉ်ပြိုင်ချက်တစ်ခုတည်းကို တင်သွင်းနိုင်သည်။ မိမိကြိုက်နှစ်သက်ရာကုန်ကြမ်းသို့မဟုတ် Software အားအသုံးပြု၍ခေါင်းစဉ်နှင့်ကိုက်ညီသည့်အကြောင်းအရာများကို ပေါ်လွင်အောင်ဖန်တီးရမည်။ ပြိုင်ပွဲဝင်လက်ရာတစ်ခုချင်းစီအတွက် ရှင်းလင်းချက်အပြည့်အစုံဖြင့်ဖော်ပြရမည်။

ပြိုင်ပွဲဝင်လက်ရာများနှင့် ပြပွဲအတွက် ပိုစတာ၊ ကာတွန်း၊ ဆောင်းပါး၊ ဓာတ်ပုံများ ပေးပို့ရာတွင် Hard Copy သို့မဟုတ် Soft Copy တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၅၀၇၊ ဖက်စ်-၀၆၇-၄၀၄၀၁၁/၄၀၄၃၈၂သို့ မတ်လ ၃၀ရက် ညနေ ၄း၃၀ နာရီတွင် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

ပြိုင်ပွဲဝင်လက်ရာများကို ၂၀၁၅ခုနှစ်၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

### တရားစခန်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ A၉လမ်း၊ ၇၈-ရပ်ကွက်၊ အောင်ချမ်းသာကျောင်း၌ ၁၁-၄-၂၀၁၅မှ ၁၈-၄-၂၀၁၅ထိ ဒုတိယအကြိမ်မြောက် မဟာစည်ဆရာတော်ကြီး၏ နည်းလမ်းအတိုင်း တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါ၍ လာရောက်အားထုတ်နိုင်သည်။ ဆွမ်း၊ အချိုပွဲ၊ စာအုပ်များကိုလည်း ပါဝင်လှူဒါန်းနိုင်သည်။
ဖုန်း-၀၉-၄၃၁၁၄၁၄၇၊ ၀၉-၇၉၅၃၆၀၇၄၀

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၂၅၅(က)၊ မြေကွက်တည်နေရာ-၃၂/၂၅၅၊ အမှတ်-၁၂(က)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမြတ်စိုး(ခ) ဦးကုလား(MUN-၁၇၂၁၃၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမြတ်စိုး(ခ)ဦးကုလား (တရားရှုံး) ကိုယ်စားဘီလစ်ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၃၄/၂၀၁၃၏ ၂၁-၁၁-၂၀၁၃ရက်စွဲပါ စီရင်ချက်တရားမဇာရီမှုအမှတ်-၁၄၅/၂၀၁၃၏နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်းအကြောင်းကြားစာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိခင်ဒေါ်ခင်ဝင်းမာ၏သား မောင်မျိုးဇော်ထွေး[၁၂/ဥကမ(နိုင်)၁၉၀၄၀၀]သည် မိသားစု၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘအားစိတ်ဆင်းရဲမှု အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။
ဒေါ်ခင်ဝင်းမာ(**N/OKA**-၁၀၆၇၇၃)

## စစ်တက္ကသိုလ်

### ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) (၂၄) (၂၅) (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၃၁) (၃၂) (၃၃) (၃၄) (၃၅) (၃၆) (၃၇)တို့မှ တပည့်များ၏ အာစရိယပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

စစ်တက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) (၂၄) (၂၅) (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၃၁) (၃၂) (၃၃) (၃၄) (၃၅) (၃၆) (၃၇) တို့တွင် ပညာသင်ကြားခဲ့သော သင်တန်းသားတပည့်များမှ မိမိတို့အားပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများထံသို့ ဖိတ်စာများပေးပို့ထားပြီးဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန်နှင့် ညီ၊ အစ်ကို၊ သူငယ်ချင်းများမှလည်း မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| ကျင်းပမည့်ရက် | ကျင်းပမည့်အချိန် | ကျင်းပမည့်နေရာ | ကန်တော့မည့်သင်တန်းအမှတ်စဉ် |
| --- | --- | --- | --- |
| ၄-၄-၂၀၁၅ | ၈း၀၀-၁၀း၀၀ | Sky Star Hotel | စတသ(၂၃) |
| ၄-၄-၂၀၁၅ | ၁၀း၀၀-၁၂း၀၀ | Sky Star Hotel | စတသ(၂၆)မှ စတသ(၃၂)ထိ |
| ၄-၄-၂၀၁၅ | ၁၅း၀၀-၁၆း၃၀ | Dolphin Restaurant | စတသ(၃၃)မှ စတသ(၃၇)ထိ |
| ၅-၄-၂၀၁၅ | ၉း၀၀-၁၀း၀၀ | မိုးကုတ်ဆွမ်းစားဆောင် (ကမ္ဘာအေးကုန်းမြေ) | စတသ(၂၄) |
| ၅-၄-၂၀၁၅ | ၁၀း၀၀-၁၁း၀၀ | မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် (ကန်တော်ကြီး) | စတသ(၂၅) |

Sky Star Hotel-အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

**CRANE**
မြို့တွင်း/ပြင်လချုပ်ကားငှားရန်ရှိသည်။
095094914
0943164788

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Myanmar Carlsberg Co.,Ltd မှ Tools For Installation & Fitting Purpose on Returnable Basis ပစ္စည်းများတင်သွင်းလာသော သွင်းကုန်ကြေညာလွှာအမှတ် (၁၄၅၄၈၈)၊ ၂၆ရက်၊ ဩဂုတ်လ၊ ၂၀၁၄ရက်စွဲပါ သွင်းကုန်ကြေညာလွှာပျောက်ဆုံးသွားပါသဖြင့် ကြေညာအပ်ပါသည်။

**အမြန်အလိုရှိသည်**
**1)Accounts cum Admin Assistant** မ (၁) ဦး
-LCCI Level III (သို့) D A (Accounting)
-တက္ကသိုလ်မှဘွဲ့ တစ်ခုခုရပြီး
-CV တွင် မျှော်မှန်းလစာ ဖော်ပြနိုင်သည်
ရဲစခန်းထောက်ခံစာ၊ဓာတ်ပုံတင်မိတ္တူ တို့ နှင့်တကွ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
**2)Aircon Helper** ကျား (၂) ဦး
တင့်စပယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
တိုက်(၆)၊အခန်း(၁၁၁)၊ညောင်တန်းအိမ်ယာ၊(၅)ရပ်ကွက်၊အောက်ပုဇွန်တောင်လမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်။ ၀၉-၄၅၀၀၀ ၈၆၅၃

## နိုင်ငံတကာသုံးသပ်ချက်

ukbdo pkmfonf

# မလေးရှားနယ်စပ် စည်းရိုးခတ်ဖွယ်

ကုန်ပစ္စည်းမှောင်ခိုထုတ်ခြင်း၊ လူကုန်ကူးခြင်းတို့ မရှိနိုင်စေရေး အတွက် နိုင်ငံတော်၏ နယ်စပ်မျဉ်း တစ်လျှောက် လုံခြုံရေးခြံစည်းရိုး ကာရံရေးကိစ္စကို မလေးရှားအစိုးရက စဉ်းစားသုံးသပ်လျက်ရှိကြောင်း The Star သတင်းစာတွင် ရေးသားဖော်ပြထားသည်။

မလေးရှားနိုင်ငံ၏ နယ်စပ်ဒေသ လုံခြုံရေးအတွက် စည်းရိုးကာရံရမည်ဆိုပါက ယင်းစည်းရိုးသည် စုစုပေါင်း ၂၆၆၆ ကီလိုမီတာအထိ ရှည်လျား ပေလိမ့်မည်။ ယိုယွင်းပျက်စီးနေသော လက်ရှိစည်းရိုး၏ နေရာတွင် စည်းရိုးသစ်ဖြင့် အစားထိုးရန် ပြည်ထဲရေးဝန်ကြီးဌာနက ဖြစ်တန်ခြေ လေ့လာမှု တစ်ရပ်ကို ပြုလုပ်လျက်ရှိသည်ဆို၏။

မလေးရှားနိုင်ငံ နယ်စပ်ကို ဖြတ်ကျော်လျက် ဆန်၊ စပါး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရက်၊ စီးကရက်၊ ဓာတ် မြေသြဇာနှင့် ပိုးသတ်ဆေးတို့ကို မှောင်ခိုထုတ်လေ့ရှိပြီး မှောင်ခိုလုပ်ငန်းကြောင့် အစိုးရအဖွဲ့မှာ တစ်နှစ်လျှင် ရင်းဂစ် ၇ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀ ဘီလီယံ)ဆုံးရှုံးနစ်နာနေရသည်ဟု ခန့်မှန်းရလေသည်။

မလေးရှားနိုင်ငံသည် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့နှင့် နယ်စပ်ချင်း ထိစပ်လျက်ရှိသည်။

မလေးကျွန်းဆွယ် မြောက်ပိုင်းရှိ နယ်စပ်ဒေသတစ်လျှောက်၌ ကီလိုမီတာ ၆၅၀ ခန့်အထိ စည်းရိုးကာရံရန်လိုအပ်ပြီး ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်တို့၏ နယ်စပ်ဒေသတစ်လျှောက်၌ ကီလိုမီတာ ၂၀၀၀ ခန့်အထိ စည်းရိုးကာရံရပေမည်။

နယ်စပ်စည်းရိုးကာရံရာတွင် အိမ်နီးချင်းနိုင်ငံ၏ သဘောတူညီချက်ကို ရယူရန်လည်း လိုအပ်သည်။

နယ်စပ်ဖြတ်ကျော်မှုခင်းများကို တားဆီး ကာကွယ်နိုင်ရန် နယ်စပ်စည်းရိုး တည်ရှိမှုက အထောက်အပံ့ပြုပေလိမ့်မည်။

ယနေ့ကာလတွင် နယ်စပ်ဖြတ်ကျော်ပစ္စည်းမှောင်ခိုမှုများ များပြားလာသည်ကို ကျွန်ုပ်သတိမူမိသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို နိုင်ငံတော်က မြှင့်တင်အားပေးနေချိန်တွင် ပုဂ္ဂလိက ဝိသမလောဘသားများက အကျင့်ပျက် ဝန်ထမ်းတို့နှင့် ပူးပေါင်းကာ ကုန်ပစ္စည်းမှောင်ခိုထုတ်ခြင်း၊ မှောင်ခိုသွင်းခြင်းတို့ကို လက်ရဲဇက်ရဲ ပြုလုပ်နေကြသည်ဟု ကြားသိနေကြရသည်။

အရှေ့တောင်အာရှ ဒေသတစ်ဝန်း၌ အကောက်ခွန်မဲ့ ကုန်သွယ်ရေးလုပ်ငန်းများသည် ပြည်သူ့ဘဏ္ဍာ ယိုပေါက်ကြီးများအဖြစ် ကျွန်ုပ် တွေ့မြင်နေရဆဲဖြစ်လေသည်။

အရှေ့တောင်အာရှ ဒေသတစ်ဝန်း၌ လူကုန်ကူးသည့် ပြဿနာမှာလည်း နေမြင့်လေ အရှုးရင့်လေ ပြဿနာမျိုးဖြစ်သည်။

လူကုန်ကူးသည့် ပြဿနာ၏ ဇစ်မြစ်ကို ဆန်းစစ်ကြည့်လျှင် စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် ဖွံ့ဖြိုးမှု နည်းပါးလေလေ တရားမဝင် ရွှေ့ပြောင်းလုပ်သားဦးရေ တိုးပွားလေလေဟု ကျွန်ုပ်တွေးတောမိသည်။

သူတစ်ပါးနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထင်ကြီးအားကျကာ တိုင်းတစ်ပါးတွင် နေထိုင်လိုစိတ် များပြားလာကြခြင်းသည် လူကုန်ကူးသည့် ပြဿနာကို မီးထိုးပေးနေသည်ဟု ယူဆရလေသည်။

လူကုန်ကူးသူများသည် အရွယ်မရောက်သေးသူများကိုရော၊ အရွယ်ရောက်ပြီးသူများကိုပါ မြူဆွယ်လေ့ ရှိသည်။ တစ်ရပ်တစ်ကျေးတွင် ဝင်ငွေကောင်းသည့် အလုပ်အကိုင် ရရှိစေပါမည်ဟု စည်းရုံးကာ ဆွဲဆောင်လေ့ရှိကြသည်။ အထူးအားဖြင့် အသိတရား နည်းပါး၊ အတတ်ပညာချို့ငဲ့သူ မိန်းကလေးငယ်များနှင့် အမျိုးသမီး ငယ်များမှာ လူကုန်ကူးသမားများ၏ ကျော့ကွင်းအတွင်းသို့ သက်ဆင်းကြရလေ့ရှိသည်။

အရှေ့တောင်အာရှဒေသ၌ လုပ်သားအင်အား များစွာလိုအပ်သော လုပ်ငန်းများသည် လုပ်အားခချိုသာသော အလုပ်သမားများရရှိရန် ကြိုးပမ်းလာချိန်တွင် လူကုန်ကူးသူများက ဈေးကွက်ချဲ့ထွင်လာနေကြသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။

စက်မှုလုပ်ငန်း၊ ရေလုပ်ငန်း၊ လယ်ယာစီးပွားလုပ်ငန်းတို့တွင် လုပ်သား အင်အားများစွာ လိုအပ်နေမှုကို အခွင့်အရေးယူကာ လူကုန်ကူးသူများက ၎င်းတို့၏ ဝိသမစီးပွားရေး လုပ်ငန်းကို ချဲ့ထွင်လုပ်ကိုင်လာကြလေသည်။

လူကုန်ကူးသူများ၏ ရိုင်းစိုင်းယုတ်မာမှုမှာ ကလေးများကိုပင် ကင်းလွတ်ခွင့်မပေးချေ။ ကျေးလက် ဒေသများမှ အပျိုပေါက်မလေးများကို မြို့ကြီးများသို့ ပို့ဆောင်ကာ ကာမကျေးကျွန်အဖြစ် ရောင်းစားကြခြင်းဖြစ်သည်။

လူကုန်ကူးမှု တိုက်ဖျက်ရာတွင် အစိုးရအဖွဲ့များအနေဖြင့် တားဆီးကာကွယ်ရေး မူဝါဒများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများကလည်း အဂတိမလိုက်ကြဘဲ အရေးယူမှုများကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်မည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

# လုပ်ငန်းခွင်မတော်တဆမှု သတိပြု

တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က လုပ်ငန်းခွင် မတော်တဆမှုများကြောင့် လူပေါင်း ၆၆၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ချိုင်းနားဒေလီ သတင်းစာတွင် ရေးသားဖော်ပြထားလေသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေး ပြဿနာကို ပိုမိုအာရုံစိုက်ကာ ကိုင်တွယ်ဆောင်ရွက်ကြရန် နိုင်ငံတော် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူးယန်တောင်လျံက သတိပေးသည်။

တရုတ်နိုင်ငံ၌ လုပ်ငန်းခွင် မတော်တဆမှုများကြောင့် သေဆုံးရသူများတွင် ကျောက်မီးသွေးတွင်းလုပ်သားများ ပါဝင်သည်။ ကျောက်မီးသွေးတွင်းများ၌ ပေါက်ကွဲမှုများ ဖြစ်ပွားလေ့ရှိပြီး လုပ်သားများ အသက်ဆုံးရှုံးရခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်း လုပ်သားဦးရေ ၅ ဒသမ ၈ သန်းအထိရှိသည်ဟု ကျွန်ုပ် လေ့လာသိရှိရလေသည်။


တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် ကျီတောင်စီရင်စုရှိ ကျောက်မီးသွေးတွင်းတစ်နေရာ။

တရုတ်နိုင်ငံတွင် စွမ်းအင်ရရှိရေးအတွက် ကျောက်မီးသွေးလုပ်ငန်းအပေါ် မှီခိုအားထားနေရသည်။ နိုင်ငံတော်၏ စွမ်းအင်လိုအင် ၆၆ ရာခိုင်နှုန်းကို ကျောက်မီးသွေးမှ ရရှိလေသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ကြရာတွင် လုပ်သားများ၏ အသက်ကို တန်ဖိုးထားကြရမည်ဖြစ်ပြီး ခန္ဓာဖြင့် ပေးဆပ်ရမှု မရှိသင့်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့ဖူးလေသည်။

# ဆေးရှဲလ်ကျွန်းစု၌ ရေဒါစခန်းဖွင့်

အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးအတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ကာ ကြိုးပမ်းနေသူတစ်ဦး မှာ ဝန်ကြီးချုပ်နရိန္ဒြာမိုဒီဖြစ်သည်။

ကျယ်ပြောလှသည့် အိန္ဒိယသမုဒ္ဒရာကြီးအတွင်း ပင်လယ်ရေကြောင်းလမ်းများ လုံခြုံရေးအတွက် လေ့လာစောင့်ကြည့်နိုင်ရန် ဆေးရှဲလ်ကျွန်းစုနိုင်ငံ၌ ရေဒါစခန်းတည်ဆောက်ခဲ့ပြီး ဝန်ကြီးချုပ်မိုဒီက ယင်းရေဒါစခန်းကို မတ် ၁၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့လေပြီ။

ဆေးရှဲလ်နိုင်ငံ၌ ထူထောင်မည့် ပင်လယ်ကမ်းရိုးတန်း ဆောက်လုပ်ရေးရေဒါစနစ်သည် အိန္ဒိယ သမုဒ္ဒရာအတွင်း ရေယာဉ်များ လှုပ်ရှားသွားလာမှုအခြေအနေနှင့် သက်ဆိုင်နေသော သတင်းအချက်များကို အချိန်နှင့်တပြေးညီ ရရှိနိုင်ရေးအတွက် အထောက်အပံ့ပေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာလုံခြုံရေး အတွက် ဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်ပြု ဆောင်ရွက်လျက်ရှိလေသည်။ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးအတွက် ဆေးရှဲလ်၊ မောရစ်သျှနှင့် သီရိလင်္ကာတို့ကဲ့သို့သော ကျွန်းစုနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိလေသည်။


မဟာဗောဓိတထောင် လေးကျွန်းစကြာ

ထိုင်းတော်မှုပြတ်စွာဘုရားကြီး ဆောက်ဌာပနာတော်သွင်းမင်္ဂလာနှင့်
ဒုတိယအကြိမ်မြောက် အလှူတော်ငွေ ပေးအပ်ပွဲ မင်္ဂလာအခမ်းအနားသို့
မဟာဗောဓိတထောင်ဆရာတော်ကြီး၏ တပည့်သာဝကနှင့် တပည့် ဒါယကာ ဒါယိကာမတို့အား
ဖိတ်ကြားလွှာ



ရက်စွဲ၊ အချိန် - ၂၀၁၅ ခုနှစ်၊ မတ်လ (၂၂)ရက် (တနင်္ဂနွေနေ့)
၀၉:၀၀ နာရီ (၁၃၇၆ ခု၊ နှောင်းတန်ခူးလဆန်း (၃) ရက် )
နေရာ - မုံရွာမြို့နယ်၊ ခတာကွန်၊ မဟာဗောဓိတထောင်သာသနာ့နယ်မြေ
စေ့ကျောင်းတော်



သုံးရာသီ ဝမ္မဒါန
ရွှေစက်တော်၊လင်းဘုရားစုံ ခရီးစဉ် - ၁၃၀၀၀ ကျပ်
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၅၀၀၀၀
ပုဂံ ပုပ္ပါး ပခုက္ကူ-ထမင်းကျွေး-၄၀၀၀၀
Mar-20,27 သင်္ကြန်ခရီး စဉ်အများ ကြိုတင်လက်မှတ်ရပြီ
☎ 420144148, 421153797



GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968



မြတ်နှင်းပန်း Car Rental
0973103434,019000554
နွေရာသီ ခရီးစဉ် အမျိုးမျိုးအတွက် ကားမျိုးစုံငှားရန် ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်



PRESS CONFERENCE
On 21 March 2015 (Saturday) @ UMFCCI
for
MITA MYANMAR MEDICAL HEALTHCARE
CONFERENCE & EXHIBITIONS
To be held @ Tatmadaw Hall, Yangon
During 7 – 9 AUGUST 2015
The first time in Myanmar, at the same venue
Myanmar Medical Exhibition, Pharmaceutical Expo,
Myanmar Cosmetics & Beauty Spa Exhibition,
Myanmar Sports & Fitness Equipment Exhibition,
Hospital Exhibition and Healthcare Conference
will be held during 7-9 Aug 2015
www.medical-healthcare.mitamyanmar.com
Any Journalists / Media / Interested Persons
who want to attend press conference on 21.03.15
Please email: Full Name, Organization, Position &
HP No to: maizar@mitaservices.com.sg
Latest by 18th March 2015. Entry is Free.
Prior Registration Is Mandatory; Seats are Limited.



ကွန်ဒိုတိုက်ခန်း
CONDO FOR SALES
ပိုင်ရှင် ကိုယ်တိုင် ရောင်းမည် ။
ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ (II) B, (၁၁) လွှာ၊
Lift ပါ ၊ A/C (၄) လုံး ၊ line Phone ၊ Fiber Optic Internet line
Able to operate your biz immediately @ well renovated office.
( ၂၂၀၀ သိန်း )
ဆက်သွယ်ရန် ဖုန်းနံပါတ် - +95 9 7916 33230

# အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ ဆေးဝါး ၁၀ မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူးတွင်ဖော်ပြချက် |
|---|---|---|
| ၁။ | Testosterone Propionate Injection (25mg/ ml) | တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။ |
| ၂။ | Vitamin C Injection (0.25g/ 2ml) | Xinxian gshi Chan gle P'cal Co., Ltd. |
| ၃။ | Vitamin $B_1$ Injection (50mg/ 2ml) | တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။ |
| ၄။ | Vitamin $B_{12}$ Injection (0.5mg/ ml) | တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။ |
| ၅။ | Vitamin $B_6$ Injection | Yusongyuan P'cals Co., Ltd. |
| ၆။ | Analgin Injection (0.5g/ 2ml) | Tianjin P'cal Group Xz ( China) Co., Ltd. |
| ၇။ | Banlangen Zhusheye Injection | Shanxi Tianyuan P'cal Co., Ltd. |
| ၈။ | Phenolphthalein Tablet | Shanxi Hengruida P'cal Co., Ltd. |
| ၉။ | Oxytetracycline Tablet (Hua Sha တံဆိပ်) | တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။ |
| ၁၀။ | Vitamin C Injection (0.25g/ 2ml) | Yuson gyuan P'cals Co., Ltd. |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့်ဆေးဝါးများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူး ရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ(၁၈) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**








Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

**Price Starting From**

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

# ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပွဲပြုလုပ်

**ဖားကန့် မတ် ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဇမ္ဗူရစ်ရွှေခန်းမဆောင်တွင် မတ် ၁၁ ရက် နံနက် ၉ နာရီက လွှတ်တော်အတွေ့အကြုံနှင့်ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဖားကန့်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂန်က ဥပဒေပြုရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် စီမံကိန်း၊ စိုက်ပျိုးရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်က လွှတ်တော်တွင် အဆိုတင်သွင်းမှုမေးခွန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က လွှတ်တော်တွင် ဖွဲ့စည်းထားရှိသော အာမခံချက်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြောင်းအရာတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုအပ်သည်များကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများစာအုပ်ကို ဒေသခံများသို့ ဖြန့်ဝေပေးရန်အတွက် ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂန်က ဆယ်ဇင်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၅၈)**

# ယင်လုံအိမ်သာနှင့် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်

**ကြာအင်းဆိပ်ကြီး မတ် ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၁၈၇ ဒသမ ၂ သန်းဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် မြောက်ကွင်းဖြူကျေးရွာ၊ အုန်းတပင်ကျေးရွာ ကြက်တူရွေးတောင်ကျေးရွာ၊ ကျိုက်ဒုံမြို့တွင် ခုဒုံကျေးရွာတို့၌ ဆိုလာမီး ၃၇၃ စုံအား တပ်ဆင်ပေးခဲ့သည်။ ဆက်လက်၍ ဦးစီးဌာန၏ရန်ပုံငွေကျပ် ၁၄ ဒသမ ၅၅ သန်းဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် ကစပ်ကျေးရွာ၊ ဆင်ပုတ်အင်းကျေးရွာ၊ ကျုံစိန်ကျေးရွာနှင့် မိပရံကျေးရွာတို့တွင် အိမ်ထောင်စုသုံး ကျေးလက်ယင်လုံအိမ်သာ ၁၀၀ လုံးတို့အား ဆောက်လုပ်ပေးခဲ့သည်။ **စိုးထက်အောင်(ကော့ကရိတ်)**

# ကင်ဆာဖောင်ဒေးရှင်း၏ တိုးချဲ့ဆောင်များဖွင့်လှစ်

**ပုသိမ်ကြီး မတ် ၁၄**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းတိုးချဲ့ဆောင်များဖွင့်လှစ်ခြင်းအထိမ်းအမှတ်အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၈ နာရီက အဆိုပါဖောင်ဒေးရှင်း တိုးချဲ့ဆောင်သစ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရီရီမြင့်နှင့် အလှူရှင် ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါက်တာခင်ခင်ရီတို့က တိုးချဲ့ဆောင်သစ်များအားဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုးချဲ့ဆောင်သစ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် တိုးချဲ့ဆောင်သစ်၌ အခမ်းအနားကိုဆက်လက်ကျင်းပရာ ဖောင်ဒေးရှင်းနာယကက နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတွင် ကင်ဆာဖောင်ဒေးရှင်း စတင်ဖြစ်ပေါ်လာပုံနှင့် ဝေဒနာရှင်လူနာများအား နွေးထွေးပျူငှာစွာ ပြုစုစောင့်ရှောက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဖောင်ဒေးရှင်းနာယကက လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများနှင့်မိသားစုဝင်များအတွက် အလှူငွေကျပ် ၂၅ သိန်းပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ယနေ့ဆောက်လုပ်လှူဒါန်းသော တိုးချဲ့ဆောင်များမှာ ဦးလှဖော်ခန်းမသည် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၂၅ ပေ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ်သိန်း ၁၅၀၀၊ ဒေါက်တာခင်ခင်ရီခန်းမမှာ အလျား ၅၅ ပေ၊ အနံ ၃၉ ပေ၊ အမြင့် ၄၂ ပေ အာရ်စီသုံးထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ်သိန်း ၁၇၅၀ နှင့် မေခလာဆောင်မှာ အလျား ၅၅ ပေ၊ အနံ ၃၉ ပေ၊ အမြင့် ၄၂ ပေ အာရ်စီသုံးထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ်သိန်း ၁၇၅၀ ဖြစ်သည်။

ဒေါက်တာခင်ခင်ရီခန်းမမှာ အလှူရှင်ရှိုင်းဟုပ်ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကာ ကျန်တိုးချဲ့ဆောင်နှစ်ဆောင်မှာ မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းရန်ပုံငွေနှင့် စေတနာရှင်ပြည်သူများစုပေါင်းထည့်ဝင်ငွေဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။ **သီဟကိုကို(မန္တလေး)**



# မတ္တရာမြို့နယ် စည်ပင်သာယာပိုင် မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်အတွင်း မီးလောင်မှုလျှော့ချရေး၊ မီးဘေးကင်းဝေးစေရေးအတွက် နိုင်ငံပိုင်အလုပ်ရုံစက်ရုံများ၊ စည်ပင်သာယာပိုင်ဈေးများ၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်ကွင်းဆင်း၍ စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ မီးသတ်ဥပဒေအရ စည်းကမ်းမလိုက်နာသူများအား အရေးယူဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ္တရာမြို့နယ် စည်ပင်သာယာပိုင် မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးများ ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ဈေးသူ၊ ဈေးသားများ၊ လျှပ်စစ်ဝါယာကြိုးများ၊ မီးဖိုမီးများ အလေးထားဂရုစိုက်ရေး၊ မီးဘေးကာကွယ်ရေး လိုက်နာရန်အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ ဟောပြာခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များ ဟောပြောချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ဈေးအတွင်း လျှပ်စစ်ဝါယာကြိုးသွယ်တန်းမှု၊ မီးဖိုမီးအသုံးပြုမှု၊ အရေးပေါ်မီးသတ်ရေငုတ်များ ရေရရှိနိုင်မှု၊ ရေအလွယ်တကူရရှိမှု၊ အရေးပေါ်ဝင်ပေါက်ထွက်ပေါက်၊ မီးသတ်ယာဉ်ဝင်ထွက်မောင်းနှင်နိုင်မှုများကို စစ်ဆေးခဲ့သည်။

ယင်းနောက် ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များမှ ဈေးရုံရှေ့၌ အရေးပေါ်မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုမှု၊ မီးဖိုအနီးနားတွင် ဂုံနီအိတ်ရေညှစ်၍ မီးဖိုမှ မီးလောင်မှုဖြစ်ပါက ဂုံနီအိတ်ရေဆွတ်အုပ်၍ မီးငြိမ်းသတ်နည်းများပြသပြီး ဈေးသူ၊ ဈေးသားများအား တစ်ဦးချင်းငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။ **(၃၈၇)**

**မွေးသက္ကရာဇ်အမှန်**
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၂၄/ခနေ ဦးအောင်စောထွန်း ၏သမီး မစောနှင်းအေး [၇/ပတန(နိုင်)၀၉၁၆၆၅]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၅-၁၉၈၁)ဖြစ်ပါသည်။ မစောနှင်းအေး

**JADE MOTION** သိုးစင်ဆွား
ချောင်းသာခရီးစဉ် (စားတည်းငြိမ်း)
(20.3.15)to(22.3.15) ရက်နေ့
တစ်ညအိပ်ခရီးစဉ် - 50000/-
0973123443,095179754

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်၊ လစျပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ပြင်ဆင်ဖတ်ရှုပါရန်**
၅-၂-၂၀၁၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာကြော်ငြာ(၅) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်ခင်လှဌေး+၃၏ မြေပုံကူးတွင် မြေတိုင်းရပ်ကွက်အမှတ်(၂၁၆/က)အစား မြေတိုင်းရပ်ကွက်အမှတ်(၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770



**ဂရိတ်ဝေါ ရွှေမြေကုမ္ပဏီလီမိတက်**
(ဆောက်လုပ်ရေးပစ္စည်းအရောင်းစင်တာ)
နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့် ဆောက်လုပ်ရေးပစ္စည်းများ
- ပါကောဆိုဒ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး
- သဝေဘာဆေး၊ ရေဆေး၊ ဆီဆေးအမျိုးမျိုး
(မိုးဒဏ်/လေဒဏ်ခံနိုင်၍ (၁၀)နှစ်ခန့်ခိုင်ခံ့မှုရှိပြီး အညစ်အကြေးပေသည့်နေရာအား ဆပ်ပြာရည်နှင့်ဖော့ဖြင့်ဆေးကြောပါက ပြန်လည်သစ်လွင်တောက်ပစေသည်)
- T-ဘိုင်အမျိုးမျိုး
(ရောင်းသည် / ငှားသည်)
- ဆိုလာပြားအမျိုးမျိုး
- ဂရင်းနိုက်ကျောက်ပြားဆိုဒ်ကြီး၊ ဆိုဒ်သေး အရောင်အမျိုးမျိုး
- ပတ်တီးမှုန့်အမျိုးမျိုး (ကော်မလို၍ လွယ်ကူစွာအသုံးပြုနိုင်ပါသည်။)
- အချောပြား (ကွန်ကရစ်လောင်းရန်)
- လေဖအားပေးစက်ဆိုဒ်စုံအမျိုးမျိုး
- C- Channel ချောင်းအမျိုးမျိုး (ဆိုဒ်စုံ)
- အင်ဂျင်စက်အမျိုးမျိုး
- ဘီလပ်မြေကွန်ကရစ်အုတ်
ကိုယ်စားလှယ်ယူလိုသူများနှင့်ရောင်းချလိုသူများ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။
❖ အမှတ်(၁၃၂/၁၃၃)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်။
: 09 250500099, 09 30196154, 09 33221502, 09 257143489, 09 425007484, 09 795352854, 09 250500066
❖ အမှတ်(၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်။ :09 250065716, 09 250065719, 09 73048157, 01-381999, 01-382333

# ပုလောမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ချေး

**မြိတ် မတ် ၁၄**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြစိမ်းရောင် ကျေးရွာ ၂၀၀ ရွာကို ရွေးချယ်၍ ငွေကြေးမတည်ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် မြစိမ်းရောင်ကျေးရွာ ၂၀ ရွာအနက် ပုလောမြို့နယ်တွင် ပလကျေးရွာနှင့် ကျောက်ကာကျေးရွာများအတွက် ချေးငွေသိန်း ၃၀၀ စီဖြင့် ကျပ်သိန်း ၆၀၀ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေများကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း မြို့နယ်ကော်မတီဝင်များနှင့် ကျေးရွာကော်မတီများတွေ့ဆုံ၍ အဆိုပါ ချေးငွေသိန်း ၆၀၀ ကို မြို့နယ်ကော်မတီက ကျေးရွာကော်မတီသို့ ပေးအပ်ခဲ့သည်။

ယင်းချေးငွေများကို ပလကျေးရွာနှင့် ကျောက်ကာကျေးရွာရှိ ရေလုပ်ငန်း လုပ်ကိုင်နေသူများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ စိုက်ပျိုးရေးလုပ်ကိုင်နေသူများ၊ အရောင်းအဝယ်လုပ်ကိုင်နေသူများ စုစုပေါင်း ၄၄၈ ဦးတို့အား အတိုးနှုန်းသက်သာစွာဖြင့် ကျေးရွာကော်မတီဝင်များက မတ် ၁၁ ရက် နံနက်ပိုင်းတွင် ကျေးရွာပြည်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေများကိုအတိုးတစ်ကျပ်နှုန်းဖြင့် သုံးလတစ်ကြိမ်ပေးသွင်းရမည် ဖြစ်ပြီး လေးကြိမ်အရစ်ကျပေးချေ စနစ်ဖြင့် ထုတ်ချေးခြင်းဖြစ်သည်။ **ပုလော ပြန်/ဆက်**

# စခန်းကန်ကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**မကွေး မတ် ၁၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ မတ် ၁၂ ရက်နံနက် ၉ နာရီခွဲတွင်ရေနံချောင်းမြို့နယ် စခန်းကန်ကျေးရွာ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ရောက်ရှိ၍ မီးလောင်ပြင်အား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေသည် ရေနံချောင်းမြို့နယ်စခန်းကန်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ပြုလုပ်သည့် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ၌ အမှာစကားပြောကြားခဲ့သည်။

ယနေ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အဝတ်အထည် စသည့် ထောက်ပံ့ပစ္စည်းများသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မကွေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့က ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း ၊မီးဘေးသင့်ပြည်သူများ အတွက်လိုအပ်သော လုံခြုံရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကွပ်ကဲမှုအဖွဲ့များမှလည်း လှူဒါန်းထားသောပစ္စည်းများအား လေလွင့်မှုမရှိစေရေးနှင့် စနစ်တကျဖြင့် မီးဘေးသင့်ပြည်သူများထံပေးအပ်ဆောင်ရွက်သွားရန်တို့ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မီးဘေးသင့်ပြည်သူများအား အလှူပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးမှလက်ခံရယူပြီး လှူဒါန်းမည့်အဝတ်အထည်များအား လိုက်လံ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ မီးဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါကျောင်းဝန်းရှေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အဝီစိရေတွင်း တူးဖော်ရေထွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဖဲ)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ မေလပထမပတ်၌ ကျင်းပမည်

**မန္တလေး မတ် ၁၄**

မန္တလေးမြို့တော် စည်ပင်သာယာကော်မတီဝင်လောင်း အမည်စာရင်း တင်သွင်းနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်က မတ်၁၂ ရက်က ကြေညာထားကြောင်း သိရသည်။

အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ် မဲဆန္ဒနယ်များမှ ကော်မတီဝင်တစ်ဦးစီကို ရွေးကောက်တင်မြှောက်မည်ဖြစ်သည့်အတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံ၍ ကော်မတီဝင်လောင်းအဖြစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံသားများသည် ကော်မတီဝင်လောင်းအဖြစ် အမည်စာရင်း တင်သွင်းလွှာကို ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ဖွင့်လှစ်ထားရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲကော်မရှင်သို့ မတ် ၁၆ ရက်မှ မတ်လ ၂၀ ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်တင်သွင်းနိုင်သည်ဟု သိရသည်။

အမည်စာရင်းတင်သွင်းလွှာများကို (ရုံးချိန်အတွင်း) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထားသူ ကော်မရှင်ရုံးအဖွဲ့မှူးထံ တင်သွင်းရမည်ဖြစ်သည်။ ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ပုံစံများဖြင့် တင်သွင်းရမည်ဖြစ်ပြီး လျှောက်ထားလွှာပုံစံကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲကော်မရှင်ရုံးတွင် လာရောက်ထုတ်ယူ နိုင်သည်။ ရွေးကောက်ပွဲကို မေလ ပထမရက်သတ္တပတ်အတွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ကော်မတီဝင်လောင်း အမည်စာရင်း လျှောက်ထားလွှာတင်သွင်းသူသည် မှတ်ပုံတင်ကြေးငွေကျပ် ၃၀၀၀၀၀ တိတိကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂) မန္တလေးမြို့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ငွေစာရင်းအမှတ်-၁၀၉၁ သို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်လောင်း မှတ်ပုံတင်ကြေးခေါင်းစဉ်ဖြင့် ပေးသွင်းရမည်။ ပေးသွင်းသည့် ချလန်မူရင်းအားပူးတွဲတင်ပြရမည်။

ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးအဖွဲ့မှူး၊ ဖုန်းနံပါတ်-၀၉၇၉၆၁၅၇၉၆၀ နှင့် ရုံးဖုန်းနံပါတ် ၀၂-၆၇၄၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

အမည်စာရင်းတင်သွင်းလွှာများကို မတ် ၂၀ ရက် ညနေ ၄ နာရီခွဲတွင်နောက်ဆုံးထား၍ တင်သွင်းရမည်။ သတ်မှတ်ချိန်ကျော်လွန်တင်သွင်းလာသော အမည်စာရင်းတင်သွင်းလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာထားသည်။ **မောင်ပြည်သူ(မန္တလေး)**


**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းသေကြီး၊ ခန္တီးမြို့နှင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တို့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရုံးအဆောက်အအုံများကို အောက်ဖော်ပြပါအတိုင်း တည်ဆောက်လိုပါသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၁)တွင် တင်ဒါလျှောက်လွှာပုံစံများကို ဝယ်ယူနိုင်ပါကြောင်းနှင့် လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအချက်အလက် များပါဝင်သည့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော အဆောက်အအုံပုံစံဒီဇိုင်းနှင့်အတူ တင်သွင်းရမည်-

(က) ပေ(၅၀×၃၂×၂၀)နှစ်ထပ် RC အဆောက်အအုံစုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ၃၂၀၀(ပေါ်တီကိုမပါ/လှေကားခန်းဧရိယာ အပါအဝင်)၊ ပေါ်တီကိုဧရိယာ (၁၅×၁၅)ပေ=၂၂၅ စတုရန်းပေ

(ခ) ခြံစည်းရိုးအုတ်တံတိုင်း၊ ခုံထူအမြင့် Plinth Level+1'6" အုတ်တံတိုင်းအမြင့် From Plinth Level to top of Fencing wall 6' 0"၊ ၁၂ပေအကျယ် သံပန်းတံခါး Slide Door နှင့်တစ်ဖက်တွင်၄ပေအကျယ် လူဝင်ပေါက်သံပန်းတံခါး၊ Roof=Steel Structure, Roofing=4L Amcan with Gutter

(ဂ) (၂")အဝီစိတွင်း(၁)တွင်း၊ ရေစုပ်စက် (Compressor+ရေတင်စက်ပါ) Motor Pump, 1600gls Ground Tank, 400gls Over Head Tank (PVC Tank), Steel Structure trestle with Angle iron

(ဃ) အတွင်းလျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်း(အဆောက်အအုံပတ်လည် လုံခြုံရေးမီးအပါအဝင်)

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၁၈-၃-၂၀၁၅(ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၃၀-၄-၂၀၁၅(ကြာသပတေးနေ့)၊ ၁၆း၀၀နာရီ

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၈၉၊ ၄၃၀၂၇၀သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။



၁၉၃၃ ခုနှစ် တည်ထောင်သည်။

ရွှေမုန်းကျော်

အမှတ်တံဆိပ်




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက(စာနယ်ဇင်း)၁၁/၀၂၁၃

**အကြောပြေ မျက်စိကြည်ဆေး**

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄



PUN HLAING HOSPITAL

ISO 9001:2008
ISO 18001:2004

**ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်**



နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း၊

နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

မတ်လ | ၁၉ | ရက်မှ | ၂၁ | ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Hospital

Email : marketing-phh@spa-mm.com


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

WE DEFINE LIFESTYLE

DEVELOPED BY: UNITED
Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







## 5 % Discount
+
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိပ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
**84 %**
Sold Out

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

လျှင်ခတ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအစိုးရပိုင်ဆိုင်နိုင်မည့် အလွန်နိုင်မာသေချာသည့်အခြေအနေ

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

# လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

အငြိမ်းစားသံအမတ်ကြီး ဒေါက်တာမြသန်းအား အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)၏ ၈. ၁၀. ၂၀၁၄ ရက်စွဲဖြင့် **Doctor of Philosophy D.Phil. (Abhidhamma Paragū)**ဘွဲ့ကို ခက်ခဲနက်နဲသော ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးနှင့်ပတ်သက်သည့် သုတေသနကျမ်းကြီး ရေးသားပြုစုခြင်းအတွက် **အဆင့်မြင့်ဂုဏ်ထူးဖြင့်** ၁၅. ၃. ၂၀၁၅ တနင်္ဂနွေနေ့တွင် ထိုက်တန်စွာ ရရှိပါသဖြင့် **အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)၏ မော်ကွန်းထိန်းဆရာမကြီး ဒေါ်ခင်ဆွေ၊ သားလေး ကိုရဲမင်းသန်း (M.A. L.L.B)** တို့ မိသားစုနှင့်အတူ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ဘာသာ သာသနာအကျိုး၊ **အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)ကြီး၏** တိုးတက်ရာတိုးတက်ကြောင်းများအတွက် **(အဓိပတိ)ကြီးတစ်ယောက်အနေဖြင့်** သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတို့၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**အစဉ်လေးစားချစ်ခင်ကြပါသော** **"အဘိဓမ္မရေ" ကျောင်းသူ၊ ကျောင်းသားများ(ရန်ကုန်)**

---

Since 1996

**ပုလဲ**

(၅တန်း မှ ၁၀တန်း)

# ဆရာဝန်များ ဦးစီးသည့်
## စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် GCE မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက် လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝင်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ သင့်တင့်ချိုသာသောသင်တန်းကြေး

(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (၀)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။

အမှတ် (၇၇)၊ ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀



ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်

---

**ရွှေပင့်ကူ**

မန္တလေးရောက်တော် (စားတည်းခိုး) ၄၃၀၀၀/- (ညအိပ်ရထား)

မန္တလေးရုပ်ရှင်စက်ကိုင်းအလောင်းတော်ကဿပ (စားတည်းခိုး)

တဆင့်သွားကားအပြီး ၄၅၀၀၀/- (ကားစီးလုံးနားစိုင်ပေးသည်)

March ၂၆ရက်ထွက်မည် (သကြံန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ)

၀၉-၇၃၁၁၀၁၄၄၊ ၀၉-၄၂၇၂၀၀၅၂၊ ၀၉-၂၅၀၄၄၅၇၇

---

**ဓမ္မပြကျော်** (အိမ်အရောက် လက်မှတ်ပို့)

| | |
|---|---|
| ရွှေစက်တော် | Mar(20) |
| ရွှေစက်တော်၊ပုဂံ | Mar(20) |
| တောင်ကြီး၊လွိုင်ကော် | Mar(26) |

သကြံန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ 09-73177727

095194608-09252899887-09250137066

---

**JADE MOTION** ထားဝယ်-ရှင်ကိုရှင်-မောင်းမကန်-မြှော်ရစ် သင်္ကြန်တွင်းအထူးခရီးစဉ် (11 to 16.4.15) /(16 to 21.4.15) သုံးရက် 180000/-

တောင်ကြီး-အင်းလေး၊ပင်းတယ-မွေတော်ကတ္တူ-ထမ်စမ်းဂူ (11 to 15.4.15) /(16 to 20.4.15) သုံးရက် ဟိုတယ်[အိပ်]၊ စားသောက်ဆိုင်[စား]၊ ဧရိုက်မြင်း 150000/-

**0973123443, 095179754, 09254907896**

---

သတင်း "မင်္ဂလာပြည့်မြန်မာနိုင်ငံ ဘုရားကြီးရှေ့ဆောင်" လက်မှတ်ရောင်းပြီ

**အင်းတော်ကြီး၊မြစ်ကြီးနား၊မြစ်ဆုံ**

ကချင်ပြည်နယ်၊မြစ်ကြီးနား၊မေခ၊မလိခမြစ်ဆုံ၊ကရိန်နော်၊မနော၊ခေါင်ပေါင်းစုဘာဂီ၊မဟာမြတ်မုနိ (၈)ရက်ခရီးထမင်းကျွေး(၁၂၀၀၀၀)ကျပ် (12.4.2015)ထွက်မည်။ ဘုရားဖူးပို့ဆောင်ရေးကျိုက်စံဘုရားလမ်းမှတ်တိုင်၊Ph:09450024419

**ရွှေစေတီ** (၁၂၄)ဘုရင့်နောင်လမ်း၊ ဦးစံပေရပ်ကွက်၊ သယ်န်းကျွန်း။ DPTOA-No.161

---

## တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဝတ္တကမြေအတွင်း၌ အောက်ဖော်ပြပါလုပ်ငန်းများကို ၁-၄-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၆ ရက်အထိ လုပ်ငန်းရှင်များအား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

**လုပ်ငန်းများ**

၁။ ယာဉ်ရပ်နားစခန်း
၂။ ဓာတ်ပုံရိုက်လုပ်ငန်း
၃။ ဖိနပ်အပ်လုပ်ငန်း
၄။ သန့်စင်ခန်းလုပ်ငန်း(အပြင်)
၅။ သန့်စင်ခန်းလုပ်ငန်း(အတွင်း) (သီးသန့်၊သာမန်)
၆။ ပန်းရောင်းချခြင်းလုပ်ငန်း
၇။ ငါးစာတင်သွင်းခြင်းလုပ်ငန်းနှင့် ငါးစာရောင်းချခြင်းလုပ်ငန်း
၈။ ထီ(ကား)ဖြင့် ရောင်းချခြင်းလုပ်ငန်း
၉။ ခိုစာရောင်းချခြင်းလုပ်ငန်း
၁၀။ ကန်ပေါင်သန့်စင်ခန်း

တင်ဒါပိတ်မည့်ရက် - ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက် မွန်းလွဲ ၁၅:၀၀ နာရီ

တင်ဒါပေးသွင်းရမည့်နေရာ - စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ရုံး

မှတ်ချက် - တင်ဒါပုံစံတစ်စုံလျှင် ၁၅၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူးထံတွင် အသေးစိတ် စုံစမ်းဝယ်ယူတင်သွင်းနိုင်ပါသည်။
- တင်ဒါပုံစံများကို ၁၇-၃-၂၀၁၅ရက်မှ စတင်ရောင်းချသွားပါမည်။

**ဂေါပကအဖွဲ့၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ဖုန်း-၆၆၄၄၉၈၊ ၆၅၀၄၈၄**

---

# ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ GIA,HRD,Certified Diamond

စိန်ပွင့်များကို သက်သာသော နှုန်းထားဖြင့်ရောင်းချပေးနေပါသည်။

တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။

"အို . . . မိုက်ဆံများရှိလို့ကတော့
ကာတီယာစိန်တိုက်က စိန်တွေကို ဝယ်ပြီး
တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ . . ."

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်) Tel : 246838, 384905, 241929

Show Room(II) No.52 အရှေ့ဘက်အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး။ Tel : 253308, 09 73249661

---

**အမှာရီ**

အထူးဆံပင်ဖြောင့်ဆိုင်

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

Ph: 09-73048685

---




---

**GOLDEN RICH TRAVELS**

| | |
|---|---|
| ဇန်ကောက်၊ ပတ္တာရား၊ အယုဒ္ဓယ၊ ကန်ချနာပူရီ၊ မဲဆောက် | March 22, Apl 12 |
| ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ တာချီလိတ်၊ မဲဆောက် | March 22, Apl 12 |
| မြစ်ကြီးနား (မြစ်ဆုံ)၊ အင်းတော်ကြီး (ရွှေမဋ္ဌုဘုရား) ရွှေဘို | စစ်ကိုင်း Apl 12 |

09-250366279,09-31062083,09-791697411,0940011689

---

**ရွှေဆင်နှင်း** Vol:4,No.11

အိမ်ခြံမြေကျောင်း / ဝယ် / ငှားအချက်အလက် + 26500

- OPC တွင်

တနင်္ဂနွေနေ့တိုင်းထွက်ရှိနေပါပြီ

ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
The all-new BMW X6
MORE JET.LESS SET.
THE ALL-NEW BMW X6.
One glimpse should be enough to recognise the untameable character of the all-new BMW X6. Its vivid coupé lines and muscular boldness establish an unmistakable presence that's driven by sheer dynamics, on and off the road.
Put your mind at ease with the BMW Service Inclusive (3 years Warranty & 3 years Maintenance Service).
Visit Prestige Automobiles or call +95 (1) 230 6133.
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.
Prestige Automobiles Co.,Ltd. #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 Service Hotline: +95 (1) 2306144 Facebook: www.facebook.com/BMWPAC

Hot Line No-0930500100

# နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် မတ် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်အား ယနေ့နံနက် ၁၁ နာရီမိနစ် ၂၀ တွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Mr. Wang Jingbo လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# လက်ရှိမြေယာပြဿနာများ ဖြေရှင်းရင်းနှင့် ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှုစနစ်ကောင်းတစ်ရပ် ဖော်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိ

**နေပြည်တော် မတ် ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တို့၏ မြေအသုံးချမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စုံစမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် မြေကိစ္စရပ်များကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်ကို လုပ်ငန်းတာဝန်များသတ်မှတ်ပေးကာ မြေသိမ်းဆည်းမှုဆိုင်ရာ ပြဿနာများကို အလျင်အမြန်ပြီးပြတ်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရာတွင် ကောင်းမွန်သောအုပ်ချုပ်ရေး၏ သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းကို ဖော်ဆောင်သည့်အနေဖြင့် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်မိရပ်ဖဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တောင်သူလယ်သမားကိုယ်စားလှယ်ဖြစ်သည့် လယ်ယာကုန်ထုတ် သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင်လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌကို အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ (၂၈-၂-၂၀၁၄)ရက်နေ့ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် **"မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်၌ မြေပြင်ကွင်းဆင်း**

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**

**ယနေ့ မာတိကာ**


အောင်တံခွန် - ၃
ခရီးသည်တင် နှစ်ထပ်ရေယာဉ်နှစ်မြုပ်
စာမျက်နှာ - ၉

တစ်ပတ်အတွင်း နိုင်ငံတကာ ထူးခြားသတင်း ပုံရိပ်များ
စာမျက်နှာ - ၁၀


# လက်ပံတန်းဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ



**လက်ပံတန်း မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ဖြစ်ပွားခဲ့သည့် မတ် ၁၀ ရက် ဖြစ်စဉ်မှ ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သည့်သူများမှ တက္ကသိုလ်၊ ကောလိပ်များတွင် အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို စိစစ်၍ ဆက်လက်ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာ ဒေသအသီးသီးရှိ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားခေါ်ယူပြီး မတ် ၁၁ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်အပ်နှံပေးလျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**



မြန်မာအမျိုးသမီးအသင်းအား တွေ့ရစဉ်။

# အိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်တက်ရန် မြန်မာနှင့် အိန္ဒိယတို့ အဆုံးအဖြတ်ကစားမည်

**၂၀၁၆ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲသို့တက်ရောက်ခွင့်ရရန် ပထမအဆင့် အုပ်စု(က)အဆုံးအဖြတ်ပွဲကို မတ် ၁၅ ရက် ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့်အိန္ဒိယတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**


[illegible]



ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေးဝယ်လာလို့ လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

[illegible]

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


themirror.npt@gmail.com
www.facebook.com/themirrordaily